မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇွန် ၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၄၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော် ကော်မတီဝင်များ ဥပဒေဆိုင်ရာ စာတမ်းဖတ်ကြားဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၇

ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော် ကော်မတီဝင်များ ဥပဒေဆိုင်ရာ စာတမ်းဖတ်ကြားဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရုံးခန်းမဆောင်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ စာတမ်းဖတ်ကြားဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီတို့မှ ကော်မတီဝင်များ၊ တက္ကသိုလ်များမှ ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများနှင့် ကထိကများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက အဖွင့်အမှာစကားပြောကြားသည်။



ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော် ကော်မတီဝင်များ ဥပဒေဆိုင်ရာ စာတမ်းဖတ်ကြားဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့ တက်ရောက်ကြစဉ်နှင့် သဘာပတိ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဖတ်ကြားတင်ပြ

ထို့နောက် ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ/ ဌာနမှူး ဒေါက်တာဒေါ်တင်မေထွန်းက Jurisdictional Immunities of State and Their Property in Myanmar စာတမ်းကိုလည်းကောင်း၊ မုံရွာတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခဒေါက်တာဒေါ်ခင်မူထွန်းက Transnational Organize Crime (Drug Trafficking) စာတမ်းကိုလည်းကောင်း၊ မန္တလေးအဝေးသင်တက္ကသိုလ် ဥပဒေပညာဌာနမှ ကထိက ဒေါ်ခင်မြဝင်းက Treaties and Third States စာတမ်းကိုလည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ/ ဌာနမှူး ဒေါက်တာဒေါ်သီတာဦးက The Rights of Buddhist Women in Myanmar in the Light of the Convention on the Elimination of All Forms of Discrimination against Women စာတမ်းကိုလည်းကောင်း၊ မကွေးတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါက်တာဒေါ်ခင်ညိုက Child Rights Under Myanmar Laws စာတမ်းကိုလည်းကောင်း၊ ပြည်တက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါက်တာဒေါ်ခင်ဖုန်းမြင့်ကြူက Inheritance Under Myanmar Customary Law စာတမ်းကိုလည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက စာတမ်းများအပေါ် ပြန်လည်မေးမြန်းဆွေးနွေးကြပြီး စာတမ်းဖတ်ကြားဆွေးနွေးပွဲ ပထမနေ့အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုတရားသူကြီးချုပ်အား ယူနီဆက်ရုံးမှ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဌာန အကြီးအကဲ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၇

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးအား ရန်ကုန်မြို့ရှိ ယူနီဆက်ရုံးမှ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဌာန အကြီးအကဲ Ms. Jeannette Wijnants နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ လာရောက်တွေ့ဆုံပြီး ကလေးသူငယ်တရားစီရင်ရေး၊ ကလေးသူငယ်အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ယူနီဆက်တို့၏ ပူးပေါင်းဆောင်ရွက်ခဲ့မှုများ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၇-၆-၂၀၁၁

ကလေးဝမြို့	၃ ဒသမ ၀၇ လက်မ
မိုးကုတ်မြို့	၂ ဒသမ ၆၄ လက်မ
နမ့်စန်မြို့	၂ ဒသမ ၂၄ လက်မ
မြိတ်မြို့	၂ ဒသမ ၀၉ လက်မ
တကောင်းမြို့	၁ ဒသမ ၈၆ လက်မ
မုံရွာမြို့	၂ ဒသမ ၆၄ လက်မ
ကန့်ဘလူမြို့	၁ ဒသမ ၇၃ လက်မ
ကျောက်ဖြူမြို့	၁ ဒသမ ၆၉ လက်မ

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇွန် ၈ ရက်)

နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်ဖော်ဆောင်

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်ထောင်စုကြီးအတွင်း ရေခြား၊ မြေခြား ဖြစ်နေသည့် ဒေသများကိုတစ်ဆက်တစ်စပ်တည်းဖြစ်စေရန်နှင့် ကူးသန်းသွားလာဆက်သွယ်နိုင်စေရန် လမ်း၊ တံတားများဖောက်လုပ်ပေးလျက်ရှိသည်။ နယ်စပ်ဒေသနေတိုင်းရင်းသားပြည်သူများအား ဆူကြုံနိမ့်မြင့်ကွာဟမှု နည်းနိုင်သမျှ နည်းရန် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍအသီးသီးကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အစိုးရက နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကို အထူးဦးစားပေးဆောင်ရွက်လျက်ရှိရာ အခြေခံကျသည့်ပညာရေးကဏ္ဍတွင် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များအတွက် မူလတန်းကျောင်း ၈၈၈ ကျောင်း၊ အလယ်တန်းကျောင်း ၉၂ ကျောင်းနှင့် အထက်တန်းကျောင်း ၉၄ ကျောင်းတို့ကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

နယ်စပ်ဒေသနေတိုင်းရင်းသားလူငယ်များ အခြေခံပညာအပြင် အဆင့်မြင့်ပညာများကိုပါ ဆည်းပူးနိုင်ရန်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်ကို (ရန်ကုန်)နှင့် (မန္တလေး)တွင် ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယင်းဒီဂရီကောလိပ်နှစ်ခုမှ သင်တန်းဆင်းဝိဇ္ဇာ၊ သိပ္ပံဘွဲ့ရရှိသူ ၁၀၆၈ ဦး၊ အင်ဂျင်နီယာဒီပလိုမာရရှိသူ ၄၄၅ ဦး စုစုပေါင်း ၁၅၁၃ ဦးတို့ သည် ၎င်းတို့၏ တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြပြီဖြစ်သည်။

တိုင်းရင်းသားလူငယ်များ စရိုက်ငြိမ်းပညာသင်ယူနိုင်ရေးအတွက် နယ်စပ်ဒေသတစ်လျှောက်တွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၉ ကျောင်း၊ စက်မှုလက်မှုသင်တန်းကျောင်း လေးကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု အသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၃၉ ကျောင်းတို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ အသိပညာ၊ ဗဟုသုတများ မြင့်မားတိုးတက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများ ချမှတ်ဖော်ဆောင်ပေးလျက်ရှိရာ နယ်စပ်ဒေသနေတိုင်းရင်းသားလူငယ်များကလည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအားထုတ် ဖော်ဆောင်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုးစပါး၊ မိုးသီးနှံစိုက်ပျိုးရေးစီမံကိန်း ပန်းတနော်၌ တာဝန်ပေးအပ်

ပန်းတနော် ဇွန် ၇

ပန်းတနော်မြို့နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါး၊ မိုးသီးနှံစီမံကိန်း လျာထားဧကများ စိုက်ပျိုးရေးအတွက် တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဦး၊ စိုက်ပျိုးရေးမန်နေဂျာနှင့် မြေစာရင်းဦးစီးမှူးတို့က လျာထားချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေးနှင့် စိုက်စနစ်မှန်ကန်စွာ စိုက်ပျိုးရေးတို့ကို ဆွေးနွေးပြောကြားခဲ့ပြီး **(အပေါ်ပုံ)** မိုးစပါးစိုက်ပျိုးရာသီ စီမံကိန်းတာဝန် ပေးအပ်လွှာများကို ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၁၄၃)

အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ မော်လမြိုင်၌ကျင်းပ

မော်လမြိုင် ဇွန် ၇

မွန်ပြည်နယ် သူနာပြုနှင့်သားဖွားအသင်းက ကြီးမှူး၍ ၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ အခမ်းအနားကို မော်လမြိုင်မြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ မေ ၁၂ ရက် နံနက် ၉ နာရီက ကျင်းပရာ ၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့၏ ဆောင်ပုဒ်ဖြစ်သော "သာတူညီမျှ ပြုစုရေး ချိန်ခါမရွေး ဆောင်ရွက်ပေး၊ ကွာဟမှုတွေမရှိဖို့ သူနာပြုများ ကြိုးပမ်းစို့" ဟူသည့် ဆောင်ပုဒ်နှင့် စပ်လျဉ်း၍ သူနာပြုဆရာမကြီး ဒေါ်မိဟန်သီက ဟောပြောဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

စက်ချုပ်သင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၇

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများလူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့က ကြီးမှူး၍ အခြေခံ အမျိုးသမီးဝတ်စုံစက်ချုပ်သင်တန်း (၃/၂၀၁၁)ကို ဇွန် ၂၇ ရက်မှ စတင်ကာ နှစ်လကြာ တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းမကြီး (စံပယ်လမ်းနှင့် အောင်သပြေလမ်းကြား) တိုက်အမှတ် (P) အခန်းအမှတ် (၀၀၅) ငါးလွှာ၌ သင်ကြား ပို့ချမည်ဖြစ်သည်။

သင်တန်းသူ ၂၀ ဦးသာ လက်ခံမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် စက်ရုံလမ်း အမှတ်(၁၀)၌ရယူ၍ ဇွန် ၂၆ ရက် နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။ ***(အမျိုးသမီးရေးရာအဖွဲ့ချုပ်)***

မြန်မာ-ဗီယက်နမ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တွေ့ဆုံဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဇွန် ၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်တို့အား မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးမှ စီးပွားရေးသံမှူး Mr.Hoang Thinh Lam သည် Bank For Investment and Development of Vietnam (BIDV); Representative Office (Yangon)၏ Chief Representative ဖြစ်သူ Mr.Vuong Thanh Long နှင့် Assistant Representative, Mr. Nguyen Van Bay တို့လိုက်ပါလျက် ဇွန် ၁ ရက် နံနက်ပိုင်းက အသင်းချုပ်ရုံးသို့ လာရောက် တွေ့ဆုံခဲ့ကြရာ တွေ့ဆုံပွဲတွင် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ ဇွန် ၁၂ ရက်တွင် ဗီယက်နမ်နိုင်ငံ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင် ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအကြား စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပရေးကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးကြသည်။

(အပေါ်ပုံ)

မြန်မာ-ဗီယက်နမ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးပွဲနှင့် စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လိုသူများသည် UMFCCI အသင်းချုပ်ရုံး ဖုန်း-၂၁၄၃၄၄ မှ ၂၁၄၃၄၉ တို့ထံသို့ ဇွန် ၉ ရက် အရောက် အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(ကုန်သည်/စက်မှုအသင်းချုပ်)**

ငါးသယံဇာတပြန်နှံ့တီးမှုကာကွယ်ရေး ဇလွန်၌ ဟောပြော

ဇလွန် ဇွန် ၇

ဇလွန်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ငါးသယံဇာတပြုန်းတီးမှု ကာကွယ်ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို မေ ၂၁ ရက်က ဇလွန်မြို့နယ် နန်းတော်ကျွန်းကျေးရွာအုပ်စု ရေလယ်သောင်ကျေးရွာ၌ ကျင်းပရာ ဇလွန်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်မောင်မောင်က ငါးသယံဇာတပြုန်းတီးမှု ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပညာပေးဟောပြောသည်။

ဖြန့်ဝေခဲ့

ဆက်လက်၍ တာဝန်ရှိသူများက ရေချိုငါးလုပ်ငန်း ဥပဒေပါ တားမြစ်ချက်များ၊ ပြစ်ဒဏ်များကို ရှင်းလင်းဆွေးနွေးဟောပြောပြီးနောက် ပညာပေးဟောပြောပွဲသို့ တက်ရောက်လာကြသော ရေလုပ်သားများအား ငါးလုပ်ငန်း ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကန်ကြီးထောင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မေ ၂၉ ရက်က မြို့မဈေးအတွင်း သန့်ရှင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးလှသိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

◆ *ကျောဖုံးမှ*

စားနပ်ရိက္ခာလုံခြုံမှု (Food Security) အတွက်နိုင်ငံအားလုံးက ကြိုးပမ်းဆောင်ရွက်နေသည့်ကာလတွင် မိမိတို့နိုင်ငံအနေဖြင့် ခေတ်နောက်ကျကျန်မနေဘဲ နိုင်ငံတကာဈေးကွက်၌ ယှဉ်ပြိုင်နိုင်အောင်နှင့် ပြည်သူများ၏ စားရေရိက္ခာလုံခြုံမှု၊ ဖူလုံပိုလျှံမှုရှိအောင် အထူးအထွက်တိုးမျိုးစေ့များကို သုသေသနပြု စိုက်ပျိုးထုတ်လုပ်ပြီး တောင်သူများလက်ဝယ်သို့ စိုက်ပျိုးနိုင်သည့်အဆင့်ရောက်ရှိအောင် မဖြစ်မနေ ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း။

ပံ့ပိုးကူညီ

ခေတ်မီ သိပ္ပံနည်းကျ စိုက်နည်းစနစ် (Good Agriculture practice) များကို အသုံးပြုနိုင်ရေးအတွက် တောင်သူလယ်သမားများအား စိုက်ပျိုးရေးပညာရှင်များ၊ ဝန်ထမ်းများအပါအဝင် ဒေသအာဏာပိုင်များ၊ စိုက်ပျိုးရေး အထူးပြုကုမ္ပဏီများက စံပြစိုက်ပျိုးရေး ပညာပေးစိုက်ကွင်းများ ထူထောင်စိုက်ပျိုး ပြသသွားကြရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေစနစ်တကျ သုံးစွဲမှု (Water Management) အပါအဝင်သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးအချိန်ကိုက် အချိုးအစားမှန်ကန်စွာ အသုံးပြုနိုင်ရေးကိုလည်း ပံ့ပိုးကူညီဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

ပညာပေး

မျိုးစေ့၊ လုပ်အား၊ သွင်းအားစု သုံးစွဲမှုအပါအဝင် အလေအလွင့်လျော့နည်းစေရန်နှင့် ရိတ်သိမ်းပြီးသီးနှံများ အမိုးအကာအောက် အချိန်မီရောက်ရှိနိုင်ရေး၊ ရောင်းချချိန်ထိ အလေအလွင့်ဆုံးရှုံးမှု လျော့နည်းစေရေးတို့အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ နှီးဆော်ကြီးကြပ်မှု အားကောင်းကောင်းဖြင့် ဆောင်ရွက်ပေးခြင်းတို့ကို အဆင့်ဆင့် လုပ်ဆောင်ပေးကြရန် လိုအပ်ကြောင်း။

မိမိတို့ဝန်ကြီးဌာန၏ ပင်မအဓိကတာဝန်ကြီး သုံးရပ်ဖြစ်သည့် အထူး အထွက်တိုး မျိုးကောင်းမျိုးသန့် မျိုးစေ့များထုတ်လုပ်ပေးရေး (Seed Production)၊ လေ့ကျင့်ပညာပေးရေး (Training and Education)၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို စဉ်ဆက်မပြတ် သုတေသနပြုပြီး တိုးတက်အောင် ဆောင်ရွက်ပေးရေး (Research and Development) စသည့် တာဝန်များကို မိမိတို့ ဝန်ကြီးဌာန၊ စိုက်ပျိုးရေး ပညာရှင်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖြန့်ကြက် တာဝန်ထမ်းဆောင်နေကြသည့်ဝန်ထမ်းများက လယ်ယာလုပ်ငန်းနှင့် စိုက်ကွင်းများအရောက် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်နေကြရာ လယ်သမားများကလည်း နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်လာကြရေးအတွက် တာဝန်ရှိသူများ၊ စိုက်ပျိုးရေး အထူးပြုကုမ္ပဏီများအနေဖြင့် စိတ်ဆန္ဒပြင်းပြစွာ လက်တွေ့ ပူးပေါင်းပါဝင် လုပ်ဆောင်ပေးကြပါရန် တိုက်တွန်းကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီးက မှာကြားသည်။

ဆွေးနွေး

ထို့နောက် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က နေပြည်တော်ကောင်စီနယ်မြေအတွင်း လယ်ယာကုန်ထုတ်အသင်းစုများ ဖွဲ့စည်းရေးလုပ်ငန်း အကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးအုန်းသန်းနှင့် ဦးခင်ဇော်တို့က အဓိကသီးနှံများကို သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် ကျင့်သုံးခြင်းဖြင့် သီးနှံများ အရည်အသွေးနှင့် အထွက်နှုန်း တိုးတက်ကောင်းမွန်ရေး၊ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် လယ်ယာမြေပြုပြင်ရေးနှင့် စိုက်ပျိုးရေး စီမံခန့်ခွဲမှုဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နေပြည်တော်ကောင်စီဝင်ဦးမြင့်ရွှေက နေပြည်တော်ကောင်စီနယ်မြေအတွင်း စပါးသီးနှံစိုက်ဧက ကိန်းဂဏန်းများ မှန်ကန်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ကဏ္ဍအလိုက် လည်းကောင်း ရှင်းလင်းတင်ပြကြကာ တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးကြသည်။

ကွင်းဆင်းလေ့လာ

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိ မြို့နယ်အတွင်းရှိ တောင်သူပညာပေးမွေးမြူရေးနှင့် စိုက်ပျိုးရေးပေါင်းစည်းလယ်ယာစိုက်ကွင်း၌ ကောက်စိုက်စက်များဖြင့် စိုက်ပျိုးနေမှုနှင့် သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် စိုက်ပျိုးထားရှိသော စပါးသီးနှံနှင့် စက်မှုကုန်ကြမ်းကြံသီးနှံစံပြစိုက်ခင်းများသို့ သွားရောက် ကွင်းဆင်းလေ့လာကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဟွမင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၇

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဟွမင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား အိန္ဒိယသမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၇

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား အိန္ဒိယသမ္မတနိုင်ငံ ကော်လ်ကတ္တားမြို့ရှိ VISA POWER LIMITED မှ Vice-President Mr.BIPIN KUMAR နှင့်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ဘိလပ်မြေစက်ရုံတည်ဆောက်ရန်အတွက် အဓိကကုန်ကြမ်းဖြစ်သော ထုံးကျောက်နှင့် လောင်စာစွမ်းအင်အတွက် ကျောက်မီးသွေး သတ္တုတူးဖော်ထုတ်လုပ်မှုဆိုင်ရာကိစ္စများတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေ စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၁ခုနှစ် မိုးရာသီ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန မိုးရာသီပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၇

စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် မိုးရာသီ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာနရုံးများ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေ တက်ရောက်၍ ရတနာ့တန်းဝင် ကျွန်းပင်ကိုသတ်မှတ်နေရာ၌ စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများကလည်း သတ်မှတ်နေရာများ၌ အရိပ်ရလေကာပင်များနှင့် နှစ်ရှည်ပင်များကို စိုက်ပျိုးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ လုပ်ငန်းဌာနများမှ ဝန်ထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

စွမ်းအင်ဝန်ကြီးဌာန၏ သတ်မှတ်နယ်မြေဧရိယာ ၂၂၅ ဧကအတွင်း သန့်ရှင်းသပ်ရပ်သာယာလှပ စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၀၆ ခုနှစ်မှစတင်ကာ နှစ်ရှည်အရိပ်ရလေကာပင်များ၊ နှစ်ရှည်သီးပင်စားပင်များနှင့် ပန်းအလှပင်များ စုစုပေါင်း အပင်ရေ ၅၈၀၀၀ ကျော် စိုက်ပျိုးခဲ့ပြီးဖြစ်သည်။ ယနေ့ ၂၀၁၁ ခုနှစ် မိုးရာသီ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ တမာ၊ ငုရွှေဝါ၊ အော်ရီရှား၊ စွယ်တော်၊ ကံ့ကော်၊ ကုက္ကို၊ စိန်ပန်းကြီး၊ ပန်းမဲဇလီ၊ မဲဇလီနှင့် အခြားအရိပ်ရလေကာပင်မျိုးစုံ စုစုပေါင်း ၁၆၀၀ ကျော် စိုက်ပျိုးခဲ့ကြသဖြင့် စုစုပေါင်း အပင် ၅၉၆၀၀ကျော် စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

ရန်ကုန်တိုင်းဒေသကြီး (၂၀၁၁)ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မေ ၃၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦးက ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် ဉာဏ်စမ်းဗဟုသုတပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (၀၅၂)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်းများအား တွေ့ဆုံ

ရန်ကုန် ဇွန် ၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုင်းအင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီးရုံးမှ ဝန်ထမ်းများနှင့် ခရိုင်လေးခုမှ ဝန်ထမ်းများအား တွေ့ဆုံသည်။

ရှင်းလင်းမှာကြား

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက လာဘ်ပေးလာဘ်ယူကင်းစင်ရေး၊ စီမံခန့်ခွဲမှုကောင်းစေရေးနှင့် ဝန်ထမ်းများ နေထိုင်ရန်အတွက် စနစ်တကျ နေရာချထားပေးရေး၊ ငွေကြေးသုံးစွဲမှုစနစ်ကျမှန်ကန်စေရေး၊ ပစ္စည်းထားသိုမှုနှင့် လုပ်ငန်းသုံးပစ္စည်းများ သုံးစွဲမှုမှန်ကန်စေရေး၊ အင်ဂျင်နီယာအတတ်ပညာများကျွမ်းကျင်မှုဖြင့် လုပ်ငန်းလုပ်ဆောင်မှုများ မှန်ကန်စေရေးတို့ကို ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားမှတ်တမ်းများ၊ မော်ကွန်းတိုက်ဦးစီးဌာန၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း ဦးစီးဌာနရုံးများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၇

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် ဇွန် ၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားမှတ်တမ်းများ၊ မော်ကွန်းတိုက်ဦးစီးဌာနသို့ ရောက်ရှိပြီး မော်ကွန်းခန်းများ၊ စက်မှုခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နံနက် ၁၁ နာရီတွင် ရန်ကင်းမြို့နယ် ကံဘဲ့ရှိ စီမံကိန်းရေးဆွဲရေးဦးစီးဌာန တိုင်းဒေသကြီးစီမံကိန်းဦးစီးရုံးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်စီမံကိန်းဦးစီးမှူးများနှင့် တွေ့ဆုံကာ စီမံကိန်းရေးဆွဲရေးဆိုင်ရာကိစ္စရပ်များကို မှာကြားဆွေးနွေးသည်။

ယင်းနောက် မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက်ရှိ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၌ ဆိုင်ကယ်နှင့် မော်တော်ယာဉ်များအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်တရားသူကြီးများနှင့်တွေ့ဆုံ

နေပြည်တော် ဇွန် ၇

မန္တလေးတိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်တရားသူကြီးများနှင့်တွေ့ဆုံပွဲကို ဇွန် ၄ ရက် နံနက် ၉ နာရီတွင် တိုင်းဒေသကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး တရားသူကြီးများ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ်များမှ တရားသူကြီးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကား ပြောကြား

မန္တလေးတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် မန္တလေး တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ် တရားသူကြီးများအား အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ကျောင်းအပ်နှံရေးနေ့ မိုင်းဖြတ်၌ ကျင်းပ

မိုင်းဖြတ် ဇွန် ၇

မိုင်းဖြတ်မြို့နယ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၇ ရက်က အထကသိပ္ပံခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးတူးမောင်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ပညာရေးဝန်ကြီးဌာနက မူလတန်းအဆင့်အားလုံးအတွက် အခမဲ့ပုံနှိပ်စာအုပ်များ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့က စာအုပ်နှင့်စာရေး ကိရိယာများကို ပေးအပ်လှူဒါန်းကြပြီး မြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၇

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ဇွန် ၄ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုအားပေး

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့က သင်တန်းကျောင်းမှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အောင်မြင်ကြသူများနှင့် တစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် ကျောင်းသားများအား ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနဝန်ကြီးနှင့် ဇနီးတို့က ဂုဏ်ပြုပစ္စည်းများကို လည်းကောင်း ပေးအပ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း မဟာပညာကျော်ခန်းမ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူများ၏ ယှဉ်ပြိုင်နေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။ **(ဝဲပုံ)**

လိုက်နာကျင့်သုံး

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် စစ်တွေမြို့ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီရုံး၌ ရခိုင်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဝင်များ၊ အဝေးပြေးအမြန်မော်တော်ယာဉ်အသင်း၊ ဒိုင်နာမော်တော်ယာဉ်အသင်းနှင့် သုံးဘီးဆိုင်ကယ်အသင်းတို့နှင့် တွေ့ဆုံ၍ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး၊ လမ်းခရီးအဆင်ပြေ လုံခြုံချောမွေ့စေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျ လိုက်နာကျင့်သုံးရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်အဝေးသင် တက္ကသိုလ် ဥပဒေ ပညာဌာနမှ ပါမောက္ခ/ ဌာနမှူး ဒေါက်တာ ဒေါ်တင်မေထွန်း Jurisdictional Immunities of State and Their Property in Myanmar စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်း ရှေ့ဖုံး) (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် ဥပဒေ ပညာဌာနမှ ပါမောက္ခ/ ဌာနမှူး ဒေါက်တာ ဒေါ်သီတာဦး The Rights of Buddhist Women in Myanmar in the Light of the Convention on the Elimination of All Forms of Discrimination against Women စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်း ရှေ့ဖုံး) (သတင်းစဉ်)

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှု စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း တက်ရောက်ဆုချီးမြှင့်

နေပြည်တော် ဇွန် ၇

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင်နိုင်သိန်းသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာအခွန်/သစ်တောနှင့်သားငါးဝန်ကြီးဌာနဝန်ကြီး ဦးသန်းမြင့်တို့နှင့်အတူ ဇွန် ၄ရက် နံနက် ၉နာရီက ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသော ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှု စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဆုများချီးမြှင့်သည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး ဦးသန်းမြင့်တို့နှင့်အတူ ပြည်ပပို့ကုန်လုပ်ငန်းရှင်များ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်အပေါ် ဆွေးနွေးမှာကြားခဲ့သည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၂ နာရီတွင် အင်းစိန်မြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာနသို့ ရောက်ရှိပြီး ငါးလုပ်ငန်းဦးစီးဌာနမှ အရာထမ်း အမှုထမ်းများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ညနေပိုင်းတွင်အင်းစိန်မြို့နယ်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ရောက်ရှိပြီး မြန်မာနိုင်ငံတွင် ဝက်နားရွက်ပြာရောဂါ ဖြစ်ပွားမှုနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ပျဉ်းမပင် ဝက်မွေးမြူရေးခြံသို့ သွားရောက်စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အင်းစိန်မြို့နယ်ရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၊ မွေးမြူရေးဆေးဝါးထုတ်လုပ်ရေးစက်ရုံနှင့် တညင်းကုန်းရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း အစာစပ်စက်ရုံတို့ကိုလိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တာလေမြို့ ယာယီဆေးရုံသစ် ဖွင့်ပွဲကျင်းပ

တာလေ ဇွန် ၇

ရှမ်းပြည်နယ် တာလေမြို့ ယာယီဆေးရုံသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၅ ရက် မွန်းလွဲပိုင်းက အဆိုပါဆေးရုံ သစ်မျက်နှာစာ၌ ကျင်းပရာ တာလေငလျင်ဒဏ်သင့်ဒေသ ပြန်လည်ထူထောင်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များဖြစ်ကြသည့် နယ်စပ်ရေးရာနှင့် လုံခြုံရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သူ၊ ပညာရေးနှင့်ကျန်းမာရေး ဝန်ကြီးဒေါက်တာမျိုးထွန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဦးတူးမောင်တို့က ဆေးရုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး(အပေါ်ပုံ) ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (ဝ၆ဝ)

သထုံခရိုင်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

သထုံ ဇွန် ၇

သထုံခရိုင်နှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏စာရေးဝန်ထမ်း (၁/၂)များ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲကို မေ ၁၆ ရက် နံနက် ၉ နာရီက သထုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်သထုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းဦးက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို မေ ၁၆ ရက်မှ ဇွန် ၃ရက်အထိဖွင့်လှစ်ခဲ့ပြီး သင်တန်းသား စုစုပေါင်း ၆၉ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

မူဆယ်မြို့ နမ့်တောင်းကျေးရွာ၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

မူဆယ် ဇွန် ၇

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၄ ရက်က မူဆယ်မြို့နယ် နမ့်တောင်းကျေးရွာ ရေထွက်ဦးအနီး၌ ကျင်းပရာ ပန်ဆိုင်း(ကြူကုတ်)မြို့နယ် အုပ်ချုပ်ရေးမှူးဦးမြင့်ဦးမောင်က အမှာစကားပြောကြားပြီး မူဆယ်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်နိုင်ထွန်းက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြောင်းသိကောင်းစရာများ ဟောပြောဆွေးနွေးသည်။

ထို့နောက် မူဆယ်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးဝင်းနှင့် ဌာနဆိုင်ရာများ၊ သစ်တောချစ်သူများအသင်းနှင့် ဒေသခံ တိုင်းရင်းသားများက ချယ်ရီ၊ မဟော်ဂနီ၊ ယမနေ၊ ယူကလစ် စသည့် ပျိုးပင်ပေါင်း ၁၁၀၀ကျော်ကို စိုက်ပျိုးပေးခဲ့ကြကြောင်း သိရှိရသည်။

(အောက်ပုံ)(ခရိုင် ပြန်/ဆက်)

ကွယ်လွန်သူ မိခင်ကြီး ဒေါ်မြင့်သိန်း (၄)နှစ်ပြည့်အားရည်စူး၍ အမှတ် (၈၆/က) စေတနာသုခလမ်း (၃)ရပ်ကွက် ကမာရွတ်မြို့နယ်နေ ခင်ပွန်း ဦးညွန့်ခင် မိသားစုနှင့်မြေး မောင်ပြည့်ဖြိုးအောင်၊ မအိသူသူမြင့်တို့က ခြောက်ထပ်သံဃာ့ဆေးရုံသစ်ကြီးဆောက်လုပ်ရန် မတည်အလှူငွေကျပ် ၄၅၀၀၀၀ကို လှူဒါန်းစဉ်။ (သံဃာ့ဆေးရုံ)

သင်တန်းတက်ရောက်ရန် ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇွန် ၇

ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ဖိလစ်ပိုင်နိုင်ငံ စိုက်ပျိုးရေးနှင့်လေ့ကျင့်ရေးဌာနတို့ ပူးပေါင်း၍ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ဖွင့်လှစ်မည့် ဈေးကွက်ဆိုင်ရာ အခြေခံလိုအပ်ချက် ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းနှင့် ဆွေးနွေးပွဲသို့တက်ရောက်ရန် မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်းမှ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်မန်နေဂျာ ဦးဝင်းလှိုင်ဦးနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပခုက္ကူခရိုင်မှ ဒုတိယ ကြီးကြပ်ရေးမှူး ဒေါ်သင်းသင်းချိုတို့သည် ဇွန် ၅ရက် နံနက်က ရန်ကုန်မြို့မှလေကြောင်းခရီးဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာသွားသည်။ (အပေါ်ပုံ)

အဆိုပါသင်တန်းနှင့် ဆွေးနွေးပွဲသို့ အိမ်ရှင်ဖိလစ်ပိုင်နိုင်ငံနှင့်အတူ မြန်မာ၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ မော်လဒိုက်၊ ဘူတန်၊ အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နှင့် နီပေါတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ဝက်များကူးစက်ရောဂါကာကွယ်ရေး ညောင်တုန်း၌ ပညာပေး

ညောင်တုန်း ဇွန် ၇

မအူပင်ခရိုင် ညောင်တုန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ဝက်နားရွက်ပြာရောဂါနှင့် တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ရောဂါများနှင့် စပ်လျဉ်းသည့်ပညာပေးဟောပြောပွဲကို ညောင်တုန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာန၌ ဇွန်၄ရက်ကကျင်းပရာ အခမ်းအနားတွင် ညောင်တုန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာခင်သန်းအေးက ဝက်များတွင် ဖြစ်ပွားတတ်သော ဝက်နားရွက်ပြာရောဂါ၊ အခြားတိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ရောဂါများနှင့် စပ်လျဉ်း၍ ကာကွယ်ရေးလုပ်ငန်းများ၊ ကူးစက်ရောဂါ ထိန်းချုပ်ရေးဆိုင်ရာများကို ပညာပေးဟောပြောသည်။ (ဝဲပုံ)

ပညာပေးဟောပြော

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့ဝင်များသည် ညောင်တုန်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် ဝက်မွေးမြူသူများ၊ ရွာသူရွာသားများနှင့် တွေ့ဆုံကာ ဝက်နားရွက်ပြာရောဂါနှင့် တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သောရောဂါများနှင့် ပတ်သက်၍ ပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ (ဝ၈၂)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၈-၆-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၅ ၃။ နိုင်ငံတော်သီချင်း
၇:၁၀ ၄။ တရားတော်
၇:၁၅ ၅။ ဓမ္မပူဇာတေး
၇:၂၀ ၆။ မျိုးချစ်တပ်မတော်
၇:၂၅ ၇။ မြန်မာ့ရှုခင်း
၇:၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၁၀ ၃။ နိုင်ငံတော်သီချင်း
၄:၁၅ ၄။ အဖွင့်သီချင်း
၄:၂၀ ၅။ မျိုးချစ်တပ်မတော်
၄:၄၀ ၆။ အမျိုးသားရေးတေးကဗျာ
၄:၄၅ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၅၀ ၈။ ရှေးဟောင်းသုတ
၅:၀၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၇၁)
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၃။ Mail Box
၆:၃၅ ၁၄။ ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၂၈)
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာ့စံအိမ်** (အပိုင်း-၂၉)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ ရယ်စရာပျော်စရာဟာသကမ္ဘာ **ဒါတွေချည်းပဲကို** သက်ပိုင်၊ ဗေလုဝ၊ ငြိမ်းချမ်း၊ ဝက်မနှင့် သရုပ်ဆောင်များ [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
၂၂။ အိုင်စီတီသုတ
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပေါင်မုန့်အချစ် အိပ်မက်လေးရယ်** (အပိုင်း-၈)
၂၅။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

အာဆီယံအကောက်ခွန် ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးကျင်းပ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း အကြိမ် (၂၀)မြောက် အာဆီယံအကောက်ခွန် ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၇

အာဆီယံစီးပွားရေး အသိုက်အဝန်းတည်ဆောက်မှု ပြီးမြောက်အောင်မြင်စေရန် အကောက်ခွန်ဌာနများသည် အာဆီယံဒေသတွင်း ထုတ်လုပ်မှုနှင့် ကုန်ပစ္စည်းများ လွတ်လပ်စွာ စီးဆင်းမှုလုပ်ငန်းစဉ်များ ပေါင်းစည်းရေးတွင် အဓိကကဏ္ဍမှ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အကောက်ခွန်ဌာနများ၏ အခန်းကဏ္ဍသည် ကုန်ပစ္စည်းတင်သွင်းတင်ပို့မှုများကို ထိန်းကျောင်းခြင်းဖြင့် နိုင်ငံတော်၏ အကျိုးစီးပွားနှင့် အခွန်ကောက်ခံမှုကို ခိုင်မာသေချာစေခြင်း၊ တရားဝင်ကုန်သွယ်ရေး လွယ်ကူချောမွေ့စေရန် ဆောင်ရွက်နေစဉ်အတွင်း နိုင်ငံတော်၏ မူဝါဒ၊ ဥပဒေများနှင့်အညီ နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များစီစဉ်ခြင်း၊ တရားမဝင်တင်သွင်းတင်ပို့မှုများကို တိုက်ဖျက်ခြင်း၊ နယ်စပ်ဒေသ လုံခြုံရေးကိစ္စရပ်များကို အကောင်အထည်ဖော်ခြင်း စသည်တို့ဖြစ်ကြောင်းဖြင့် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ရာဇသင်္ဂဟလမ်းရှိ အမရဟိုတယ်၌ ကျင်းပသည့် အကြိမ် (၂၀)မြောက် အာဆီယံအကောက်ခွန် ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

အကြိမ် (၂၀)မြောက် အာဆီယံအကောက်ခွန် ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

အကောင်အထည်ဖော်

ထို့အပြင် အာဆီယံအကောက်ခွန် အဖွဲ့အစည်းများ အဆိုပြုထားသည့် အာဆီယံ ပြတင်းတစ်ပေါက်စနစ်ကို အမျိုးသား ပြတင်းတစ်ပေါက်စနစ်မှ တစ်ဆင့် အကောင်အထည်ဖော်ခြင်းသည် အာဆီယံနိုင်ငံများ၏ အရေးကြီးသည့် ကတိကဝတ်များအနက် တစ်ခုဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် အမျိုးသား ပြတင်းတစ်ပေါက်စနစ် ဦးဆောင်ကော်မတီကို ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံ ပြတင်းတစ်ပေါက်စနစ်ကို အမျိုးသား ပြတင်းတစ်ပေါက် စနစ်မှတစ်ဆင့် သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ အသုံးပြုပြီး အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

အာဆီယံ ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ အာဆီယံအကောက်ခွန်ဆိုင်ရာ သဘောတူညီချက် ပြင်ဆင်မှုအတွက် အပြီးသတ်ဆောင်ရွက်မှု၊ အာဆီယံ ဖြတ်သန်းစနစ် အခြေပြစာချုပ်နှင့် ၎င်း၏ နည်းပညာနောက်ဆက်တွဲများ ရေးဆွဲမှု၊ အာဆီယံ-တရုတ်နားလည်မှု စာချွန်လွှာနှင့် အကောက်ခွန် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာစီမံချက် (၂၀၀၅-၂၀၁၀) ပြန်လည်သုံးသပ်မှုများသည် အာဆီယံ အကောက်ခွန် ညွှန်ကြားရေးမှူးချုပ်များ၏ အဓိကအောင်မြင်မှုများဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် အာဆီယံအကောက်ခွန် ညွှန်ကြားရေးမှူးချုပ်များ၏ သဘာပတိ အကောက်ခွန်ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးကို၊ သဘာပတိဟောင်း ထိုင်းနိုင်ငံ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Prasong Poon-taneat နှင့်အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး Mr. Subsh Bose Pillai တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အာဆီယံအကောက်ခွန် ညွှန်ကြားရေးမှူးချုပ်များ၊ ဆွေးနွေးဖက် နိုင်ငံများနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် အမှတ်တရ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ပြည်ထောင်စုဝန်ကြီးက ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ အစည်းအဝေးသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ အာဆီယံနိုင်ငံများမှ အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့်ကိုရီးယားသမ္မတနိုင်ငံတို့မှ အကောက်ခွန်ဆိုင်ရာ ကိုယ်စားလှယ်များ၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့မှ ကိုယ်စားလှယ်များ၊ အာရှ-ပစိဖိတ် အမြန်သယ်ယူပို့ဆောင်ရေး ညီလာခံအဖွဲ့မှ ကိုယ်စားလှယ်များနှင့် အာဆီယံ-အမေရိကန် စီးပွားရေးကောင်စီမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေး

အစီအစဉ်အရ ဖွင့်ပွဲအခမ်းအနားအပြီးတွင် အစည်းအဝေးကိုဆက်လက်ကျင်းပရာ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များက အာဆီယံစီးပွားရေး ပေါင်းစည်းခြင်းဆိုင်ရာ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ အာဆီယံနိုင်ငံများမှ တက်ရောက်လာကြသော ကိုယ်စားလှယ်များက (၁၅)ကြိမ်မြောက် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးတွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ အာဆီယံအကောက်ခွန်လုပ်ငန်း အဖွဲ့များ၏ အစီရင်ခံစာများကိုလည်းကောင်း၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ ဆွေးနွေးဖက်နိုင်ငံများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် ကျင်းပမည့် အစည်းအဝေးအတွက် ကြိုတင်ညှိနှိုင်းဆွေးနွေးခြင်းများကို လည်းကောင်း၊ အာဆီယံနိုင်ငံများသို့ နည်းပညာ အကူအညီပံ့ပိုးပေးခြင်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါ အကြိမ် (၂၀)မြောက် အာဆီယံ အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးကို ယနေ့မှစ၍ ဇွန် ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အာဆီယံစီးပွားရေး အသိုက်အဝန်း (ASEAN ECONOMIC COMMUNITY) တည်ဆောက်မှုအတွက် အကောက်ခွန်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာစီမံချက်၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေခြင်းနှင့် အာဆီယံပြတင်းတစ်ပေါက်စနစ်တို့အတွက် အကောက်ခွန် ဆောင်ရွက်ချက်များ၊ တိုးတက်မှုများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြေယာရှုခင်းပြုပြင်

ဇွန် ၅ ရက်က ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် လွတ်လပ်ရေးပန်းခြံအတွင်း အဖွဲ့ဝန်ထမ်းများနှင့် မြေယာရှုခင်း ပြုပြင်နေမှုကို အမှုဆောင်အရာရှိ ဦးကြည်စိုး ကြီးကြပ်ဆောင်ရွက်စဉ်။ (၀၇၁)

ပညာသင်စရိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများ အမြို့မြို့ အနယ်နယ်တွင် ထောက်ပံ့ပေးအပ်

ရှမ်းပြည်နယ်(တောင်ပိုင်း) ရဲတပ်ဖွဲ့က ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို မေ ၂၅ ရက်က တောင်ကြီးမြို့ ရဲသူရခန်းမ၌ကျင်းပရာ ဗလာစာအုပ်နှင့် ထောက်ပံ့ငွေများကို ရဲမှူးကြီးဝင်းနိုင်က ကျောင်းသူတစ်ဦးထံ ပေးအပ်စဉ်။ (၁၈၉)

ပဲခူးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်းမ၌ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို မေ ၃၀ ရက်က ကျင်းပရာ တာဝန်ရှိသူတစ်ဦးက ကျောင်းသူတစ်ဦးထံ ပညာသင်ထောက်ပံ့စရိတ် ပေးအပ်စဉ်။ (၁၂၁)

သာကေတမြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၆ ရက်က အထက(၁) ကျောင်းခန်းမ၌ ကျင်းပရာ အလှူရှင်တစ်ဦး လှူဒါန်းသော ငွေကျပ် ၅၀၀၀၀၀ ကို မြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစန်းမင်း လက်ခံယူစဉ်။ (၀၂၀)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ စက်မှုလယ်ယာဦးစီးဌာန၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲကို မေ ၂၃ ရက်က ကျိုင်းတုံမြို့ အမှတ်(၂) ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ရေး စီမံကိန်းရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရွှေထယ်ထရေးဒင်း ကုမ္ပဏီလီမိတက်မှ ထောက်ပံ့ငွေကို တာဝန်ရှိသူတစ်ဦးက ကျောင်းသားတစ်ဦးထံ ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

တာမွေမြို့နယ် တာမွေကြီး (ကဂ)ရပ်ကွက်အတွင်းရှိ အမက(၁၅) နှင့် အမက(၃၄) ကျောင်းများသို့ ပညာသင်ထောက်ပံ့ပစ္စည်း ပေးအပ်ပွဲကို ဇွန် ၅ ရက်က အမက(၃၄) ကျောင်းခန်းမ၌ ကျင်းပရာ တန်ဖိုးငွေ ကျပ် ၁၃၅၀၀၀ ရှိ ထောက်ပံ့ပစ္စည်းများကို ရပ်ကွက်အုပ်ချုပ်ရေးမှူးက သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများထံ ပေးအပ်စဉ်။ (၀၄၄)

ပြည်တွင်းအခွန်များ ဦးစီးဌာန ကွန်ပျူတာနှင့် ရုံးလုပ်ငန်းဆိုင်ရာ သင်တန်းဖွင့်

ရန်ကုန် ဇွန် ၇

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာနှင့်ရုံးလုပ်ငန်းဆိုင်ရာ အခြေခံသင်တန်း အမှတ်စဉ်(၂၄) သင်တန်းဖွင့်ပွဲကို ဇွန် ၆ရက် နံနက် ၉နာရီက ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ထွန်းက သင်တန်းဖွင့် အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ (အခွန်ဦးစီး)

မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၏ အစီအစဉ်ဖြင့် လယ်ယာစီးပွား သတင်းဂျာနယ်မှ အကြီးတန်းသတင်း ထောက် မအိအိမြတ် အစ္စရေး နိုင်ငံတွင် Agri-Green Management Training Course သင်တန်း တက်ရောက်ရန် မေ ၂၉ ရက်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် မထွက်ခွာမီ တွေ့ရစဉ်။ (ဝ၄၆)

ကရင်ပြည်နယ်ဝန်ကြီးချုပ် သစ်ပင်စိုက်ပျိုးပွဲတက်ရောက်

ရန်ကုန် ဇွန် ၇

ကရင်ပြည်နယ် ကျန်းမာရေးမှူးနှင့် ပြည်နယ်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ခေါင်းဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ဇွန် ၃ ရက်က လှိုင်းဘွဲမြို့နယ် မြိုင်ကြီးငူအထူးဒေသ ပြည်သူ့ဆေးရုံသို့ သွားရောက်ကာ ဒေသခံပြည်သူများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများအား အခမဲ့ဆေးဝါးကုသပေးရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်ဝန်ကြီးများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြည့်ရှုအားပေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့ ကြာအင်းတောင်ပေါ်၌ ဇွန် ၄ ရက်တွင် ကျင်းပသော ကရင်ပြည်နယ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ကျွန်း၊ ပျဉ်းကတိုးနှင့် မဟော်ဂနီ စသည့် ရတနာတန်းဝင်အပင်များကို စိုက်ပျိုးပေးခဲ့ပြီး သစ်ပင်စိုက်ပျိုးကြသော လူမှုရေးအသင်းအဖွဲ့များအား လိုက်လံအားပေးသည်။အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုးနှင့် မဟော်ဂနီ စုစုပေါင်း ၉၄၀၀ စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကဏန်းဘေးမဲ့ဇုန်အတွင်း ရွှံ့ကဏန်းများ မျိုးစိုက်ထည့်

စစ်တွေ ဇွန် ၇

ပုဏ္ဏားကျွန်းမြို့နယ် ကဏန်းဘေးမဲ့ဇုန် ကင်းချောင်းရေပြင်အတွင်းသို့ ရွှံ့ကဏန်းမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို မေ ၁၈ရက်က ကင်းချောင်းတံတားအနီးတွင် ကျင်းပသည်။

မျိုးစိုက်ထည့်

အခမ်းအနားတွင် ရခိုင်ပြည်နယ် သားငါး၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးကျော်သိန်း၊ ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးအောင်တို့ ဦးဆောင်၍ ကင်းချောင်းရေပြင်အတွင်းသို့ ၁၀၀ ဂရမ်အောက် ရွှံ့ကဏန်းကောင်ရေ ၇၅၀၀၊ ၁၀၀ ဂရမ်အထက် ရွှံ့ကဏန်းကောင်ရေ ၂၅၀၀ တို့ကို ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာနှစ်တွင် ပထမအကြိမ် မျိုးစိုက်ထည့်ပေးခဲ့ကြသည်။ (အပေါ်ပုံ)

(မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန)

ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဖြတ်လမ်း(၅) စေတီတောင်ရပ်ကွက် ကွန်ကရစ်လမ်းဖြတ်တံတားဆောက်လုပ်ခြင်းကို အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်း မေ ၂၆ ရက်တွင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးညီညီဆွေ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)

၉-၆-၂၀၁၁

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် (ပုဗ္ဗဏှသုတ်)
၇း၂၀	ဓမ္မပူဇာတေးပဒေသာ
၇း၂၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၂၀	လောကနီတိအသိရှိစေဖို့ (တလွဲမာန ရှောင်ကြဉ်အပ်၏)
၈း၃၅	တေးပဒေသာ
၁၀း၀၀	မင်္ဂလာလက်ဆောင်
၁၀း၂၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅	ညွှန်းဖွဲ့သီရေး သူ့အလှည့်တေး (ဂီတာဖေဝင်း)
၁၁း၄၅	သိပ္ပံပညာသိကောင်းစရာ [မှတ်သားလေ့လာ သိပ္ပံပညာ(၃)]
၁၁း၅၅	တေးသီချင်း
၁၂း၀၀	စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
၁၂း၂၀	ယဉ်ကျေးမှုအနုပညာ (ဆွမ်းသပိတ်လုပ်ငန်း)
၁၂း၃၀	တေးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	တေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀	အမှတ်တရတေးလက်ဆောင်
၁၇း၁၀	ဘဝတစ်ကွေ့အတွေ့အကြုံ (သီတာရေစင်ပမာ) တေးပဒေသာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	ရေဒီယိုဇာတ်လမ်းတွဲ (ဇနီးချောများကွန်ရက် အပိုင်း-၁)
၁၈း၀၀	ညနေခင်းသတင်း နိုင်ငံရေးဦးတည်ချက်
၁၈း၁၀	ညနေခင်းတေးပဒေသာ
၁၈း၂၅	ကျေးလက်ဇာတ်လမ်း (အသင်းအဖွဲ့)
၁၈း၄၅	ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉း၀၀	နိုင်ငံတကာသတင်း စီးပွားရေးဦးတည်ချက်
၁၉း၀၅	ညချမ်းချိန်ခါ တေးပဒေသာ
၁၉း၂၀	သုတစုံကြွယ်သိစေဖွယ် (သင့်အိမ်ကို သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန်)
၁၉း၄၀	ရေဒီယိုအတိတ်တေးအရိပ်
၂၀း၀၀	ပြည်တွင်းသတင်း လူမှုရေးဦးတည်ချက်
၂၀း၂၀	ချမ်းမြေ့သာယာသီရိဂေဟာ (တေးသံရှင် အစိုင်းနဲ့ နန်းဟွမ်ဟိန်း)
၂၀း၅၀	သူ့လက်သံ (စန္ဒရားလှထွတ်ရဲ့ စန္ဒရားလက်သံ)
၂၁း၀၀	ဆောင်းပါး (နိုင်ငံသားတိုင်း ပညာရည်မြင့်မားဖို့)
၂၁း၀၅	ခံစားနားဆင် မြန်မာတေးသံစဉ် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀	အစီအစဉ်ပြီး၏။

သားဖွားဆောင်သစ် မအူပင်၌ ဖွင့်ပွဲကျင်းပ

မအူပင် ဇွန် ၇

မအူပင်မြို့နယ်ကဝက္ကင်းကျေးရွာတွင် သားဖွားဆောင်သစ်ဖွင့်ပွဲကို ဇွန် ၃ရက် နံနက်၉နာရီက အဆိုပါသားဖွားဆောင်ရှေ့၌ကျင်းပရာ ရှေးဦးစွာ သားဖွားဆောင် အဆောက်အအုံသစ်ကို မအူပင်ခရိုင်ခုတင်(၂၀၀)ဆံ့ ဆေးရုံအုပ်ကြီးဒေါက်တာထွန်းမြင့်၊ဒေါက်တာမျိုးသန့်တင်နှင့် အလှူရှင်ဦးလှရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲတွင် မအူပင်မြို့နယ်အုပ်ချုပ်ရေးမှူးဦးညီညီလင်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးအကြောင်း ဆွေးနွေးပြီးနောက် ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းမြင့်၊ အလှူရှင် ဦးလှရီ-ဒေါ်သန်းလှမိသားစုကိုယ်စား သမီးဖြစ်သူ မမြတ်မြတ်မင်းတို့က သားဖွားဆောင်လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားကာ အလှူရှင်က သားဖွားဆောင်နှင့် ပတ်သက်သော စာချုပ်နှင့် စာရွက်စာတမ်းများကို ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းမြင့်ထံသို့ လွှဲပြောင်းပေးအပ်သည်။ (အပေါ်ပုံ)

အဆိုပါသားဖွားဆောင်မှာအလျား ၁၈ပေ၊ အနံ၁၅ပေဖြစ်ပြီး ငွေကျပ်လေးဆယ့်ခြောက်သိန်းကျော်ကုန်ကျခဲ့ကြောင်း သိရှိရသည်။ (ဝ၆၈)

ကိုယ့်အားကိုယ်ကိုးလမ်းသစ် ရေတာရှည်မြို့နယ်၌ ဖွင့်

ရေတာရှည် ဇွန် ၇

ရေတာရှည်မြို့နယ် နှောပင်ကျေးရွာနှင့် ထိပ်ပေါက်ကျေးရွာသွား ကိုယ့်အားကိုယ်ကိုးလမ်းသစ်ဖွင့်ပွဲကို မေ ၃၀ ရက် နံနက် ၉ နာရီက နှောပင်ရွာနှင့် ထိပ်ပေါက်ရွာလမ်းဆုံ၌ ကျင်းပရာ လမ်းသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းမြင့်ထွန်း၊ ရပ်မိရပ်ဖ ဦးလှညွှန့်နှင့် ဦးတင်ရှိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖောက်လုပ်

အဆိုပါ လမ်းအရှည်မှာ ၁မိုင် ၄ ဖာလုံရှိပြီး လမ်းကိုနှောပင်ကျေးရွာနှင့် ထိပ်ပေါက်ကျေးရွာပြည်သူများနှင့် အခြားအလှူရှင်များ၏ ထည့်ဝင်ငွေဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ကျောင်းအပ်နှံရေးနေ့ မြောင်းမြ၌ ကျင်းပ

မြောင်းမြ ဇွန် ၇

မြောင်းမြမြို့ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက်က အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းထူးကျော်က အမှာစကားပြောကြားပြီး အမှတ်(၁)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးစိုးဝင်းက ကျောင်းအပ်နှံရေးနေ့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် အလှူရှင်များ၊ တာဝန်ရှိသူများက ဗလာစာအုပ်၊ ခဲတံနှင့် အလှူငွေ စုစုပေါင်းငွေကျပ် ၁၈၉ သိန်းကျော် ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်ဌေးက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (အောက်ပုံ) (ခရိုင် ပြန်/ဆက်)

8-6 (07).pmd 1 6/8/2011, 2:34 AM

ကျောက်စိမ်း၊ ကျောက်မျက်များ ခင်းကျင်းထားရှိမှု ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေး

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမဝင်းအတွင်း ၂၀၁၁ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲအတွက် ကျောက်စိမ်း၊ ကျောက်မျက်များ စနစ်တကျ ခင်းကျင်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၇

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် ယမန်နေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမဝင်းအတွင်း ၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲအတွက် ကျောက်စိမ်း၊ ကျောက်မျက်များ စနစ်တကျ ခင်းကျင်းထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ တာဝန်ယူတည်ဆောက်လျက်ရှိသော နေပြည်တော် ဒက္ခိဏသီရိမြို့ရှိ ကျောက်စိမ်းသိုလှောင်ရုံများ တည်ဆောက်ရေးစီမံကိန်း၌ ကျောက်စိမ်း သိုလှောင်ရုံများ တည်ဆောက်ပြီးစီးမှုနှင့် တည်ဆောက်ပြီးစီးသည့် ကျောက်စိမ်းသိုလှောင်ရုံများ၌ ကျောက်စိမ်းများ စနစ်တကျ သိုလှောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အစည်းအဝေးကျင်းပ

ရှမ်းပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၁၁) ကျင်းပစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇွန် ၇

ရှမ်းပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၁) ကို ယမန်နေ့ နံနက် ၉ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ပြည်နယ်ဥပဒေချုပ် ဦးမောင်မောင်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်သန်းတို့က ပြည်နယ်အတွင်း မူးယစ်ဆေးဝါး သုံးစွဲမှုပပျောက်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေး

ယင်းနောက် ပြည်နယ်အဆင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များကို ဆွေးနွေးတင်ပြကြပြီး ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးစံလွင်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးထူးကိုကို၊ ရှမ်းပြည်နယ် အင်းတိုင်းရင်းသားရေးရာဝန်ကြီးဌာနဝန်ကြီး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဒေသ အလိုက် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် တာဝန်ယူဆောင်ရွက်သွားမည့်အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များနှင့်ဘိန်းအစားထိုး သီးနှံများ စိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ကင်းစင် အလှဆင်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၇ ရက် (အဖိတ်နေ့)
၈-၆-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊စိုင်းညီမင်း တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈:၀၅	၆။	**သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈:၁၀	၇။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၂၀	၈။	အတီးပြိုင်ပွဲ
၈:၃၀	၉။	ပြန်လည်တည်ဆောက် ပြုစုပျိုးထောင်လျက်ရှိသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဒီရေတောများ
၈:၄၀	၁၀။	International News
၈:၄၅	၁၁။	တေးဂီတအစီအစဉ်
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၀၅	၂။	အဆိုပြိုင်ပွဲ
၄:၁၅	၃။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄:၂၀	၄။	တေးဂီတအစီအစဉ်
၄:၃၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
၄:၄၅	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၅၀	၇။	သီချင်းကြီးပဒေသာ
၅:၀၀	၈။	တေးသရုပ်ဖော်အစီအစဉ်
၅:၁၀	၉။	နတ်လူသာစုခေါ်စေသော်
၅:၃၅	၁၀။	International Science News
၅:၄၅	၁၁။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၆:၀၀	၁၂။	ညနေခင်းသတင်း
၆:၁၅	၁၃။	မိုးလေဝသအခြေအနေ
၆:၂၀	၁၄။	မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆:၃၅	၁၅။	ရွှေရင်ခုန်သံ
၇:၀၀	၁၆။	ပန်းချီဆရာကြီး ဦးလွန်းကြွယ်၏ သူ့ဘဝနှင့် သူ့လက်ရာ
၇:၁၀	၁၇။	အလင်္ကာကျော်စွာမြို့မငြိမ်း နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြုတေးအစီအစဉ်
၇:၄၅	၁၈။	မိုးလရာသီရောက်ခဲ့ပြီ မြေဆီစိုခိုက် သစ်ပင်စိုက်
၈:၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	**ပျော်ရွှင်ရင်ခုန်ပြကွက်စုံ**
	၂၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၆၅)
	၂၄။	မြန်မာဗီဒီယိုဇာတ်လမ်း **တိမ်ကိုစားတဲ့လမင်း** ရန်အောင်၊ ဟိန်းဝေယံ၊ ခင်ဇာခြည်ကျော်၊နန်းဆုရတီစိုး (ဒါရိုက်တာ-ဒေါန)
	၂၅။	အစီအစဉ်ပြီး၏။

နှစ်နိုင်ငံနယ်စပ်ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၇

တရုတ် ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဟွမင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီတွင် မြန်မာလေကြောင်းခရီးစဉ်ဖြင့် နေပြည်တော် လေဆိပ်သို့ ရောက်ရှိပြီး နှစ်နိုင်ငံနယ်စပ်ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးကို နံနက် ၁၀ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမြင်ချင်းဖလှယ်

အစည်းအဝေးတွင် နှစ်နိုင်ငံ နယ်စပ်ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးနှင့် ရဲတပ်ဖွဲ့ချင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ကျော်ကျော်ထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ တက်ရောက်ကြသည်။**(သတင်းစဉ်)**

နှစ်နိုင်ငံ နယ်စပ်ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံဖြတ်ကျော် မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

8-6 (08).pmd 1 6/8/2011, 2:34 AM

မြန်မာ့အလင်း **ပြည်တွင်းအားကစားသတင်း** ပြည်တွင်းအားကစားသတင်း ပြည်တွင်းအားကစားသတင်း

အားကစားနည်းအလိုက် လစဉ်ပြိုင်ပွဲများ ကျင်းပသွားမည် အကောင်းဆုံးအားကစားသမားဆုများ ထိုက်တန်စွာ ချီးမြှင့်မည်

နေပြည်တော် ဇွန် ၇

မိမိတို့ ရည်မှန်းသည့် အောင်နိုင်ဆုများရရှိစေရန် သက်လုံစွမ်းရည် ပိုမိုတိုးတက်အောင် ကြိုးစားကြရန်၊ စည်းကမ်းရှိမှ တိုးတက်မည်ဆိုသည့် ဆောင်ပုဒ်အတိုင်း အုပ်ချုပ်သူနှင့် နည်းပြများ၏ ဆုံးမစကားများကို တစ်သဝေမတိမ်း နားထောင်ကြ၍ လေ့ကျင့်ချိန်စည်းကမ်း၊ အဆောင်နေစည်းကမ်းများကို လိုက်နာ လေ့ကျင့်နေထိုင်သွားကြရန်နှင့် လာမည့် ဇူလိုင်လမှစ၍ အားကစားအဖွဲ့ချုပ် တစ်ခုချင်းစီတွင် မိမိတို့ အားကစားနည်းအလိုက် လစဉ်ပြိုင်ပွဲများ ကျင်းပကာ လအလိုက် အကောင်းဆုံး အားကစားသမားဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်သဖြင့် ကြိုးကြိုးစားစား လေ့ကျင့်ယှဉ်ပြိုင်သွားကြရန်လိုကြောင်းဖြင့် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပသော (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်း လေ့ကျင့်လျက်ရှိသည့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် စားပွဲတင်တင်းနစ်အဖွဲ့ချုပ်တို့မှ အားကစားသမားများ၏ လေ့ကျင့်ယှဉ်ပြိုင်မှု **(အပေါ်ယာပုံ)**အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အမှာစကားပြောကြားသည်။

ထောက်ပံ့ငွေချီးမြှင့်

ဆက်လက်၍ ပဏာမလက်ရွေးစင် ပိုက်ကျော်ခြင်းအားကစားသမားများက အမျိုးသား နှစ်ယောက်တွဲ ပြိုင်ပွဲနှင့် အမျိုးသမီး နှစ်ယောက်တွဲ ပြိုင်ပွဲများဖြင့်လည်းကောင်း၊ ပဏာမလက်ရွေးစင် စားပွဲတင်တင်းနစ် အားကစားသမားများက အမျိုးသမီးတစ်ဦးချင်း၊ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ၊ အမျိုးသမီး နှစ်ယောက်တွဲနှင့် အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲများ၊ အမျိုးသား တစ်ဦးချင်း ပြိုင်ပွဲများဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုဝန်ကြီးက ပွဲစဉ်တစ်ခုချင်းအလိုက် လိုအပ်ချက်များကို မှာကြားပြီး အားကစားအဖွဲ့ချုပ် နှစ်ခုတို့မှ အုပ်ချုပ်သူ၊ နည်းပြ၊ ဒိုင်လူကြီးများနှင့် အားကစားသမားများအား ထောက်ပံ့ငွေများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီးအသင်းအနိုင်ရ ဗိုလ်စွဲ

ရန်ကုန် ဇွန် ၇

၂၀၁၁ခုနှစ် (၁၂)ကြိမ်မြောက် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပသည်။

အနိုင်ရ

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီး အသင်းတို့ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တတိယဆုရ ဧရာဝတီတိုင်းဒေသကြီး အသင်းအား ငွေသားဆု ငွေကျပ် သုံးသိန်းကို အားကစားနှင့်ကာယ ပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးတင်ဝင်းက လည်းကောင်း၊ ဒုတိယဆုရ မကွေးတိုင်းဒေသကြီး အသင်းအား ငွေသားဆု ငွေကျပ် ခြောက်သိန်းနှင့် ဆုတံဆိပ်များကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးတင်အောင်က လည်းကောင်း၊ ပထမဆုရ ရန်ကုန် တိုင်းဒေသကြီး အသင်းအား ငွေသားဆု ငွေကျပ် ၁၀သိန်းနှင့် ဆုတံဆိပ်များကို မြန်မာနိုင်ငံ အမျိုးသား အားကစားကော်မတီ တွဲဖက်အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အကောင်းဆုံး ဂိုးသမားဆုရ ရန်ကုန်တိုင်းဒေသကြီး အသင်းမှ ကျော်နံပါတ်(၁) ဖုန်းထက်အောင်၊ အကောင်းဆုံး နောက်တန်းဆုရ မကွေးတိုင်းဒေသကြီး အသင်းမှ ကျော်နံပါတ်(၃) ဝင်းမောင်သိန်းတို့အား တိုင်းဒေသကြီး ဝန်ကြီး ဦးအောင်ခင်က လည်းကောင်း၊ အကောင်းဆုံး အလယ်တန်းဆုရ ရန်ကုန်တိုင်းဒေသကြီး အသင်းမှ ကျော်နံပါတ် (၈) ဖြိုးထွန်း၊ အကောင်းဆုံး ရှေ့တန်းဆုရ ရန်ကုန်တိုင်းဒေသကြီး အသင်းမှ ကျော်နံပါတ်(၁၁) အာကာမင်းတို့အား တိုင်းဒေသကြီး ဝန်ကြီး ဒေါက်တာမြင့်သိန်းက လည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရ ရန်ကုန်တိုင်း ဒေသကြီးအသင်းမှ ကျော်နံပါတ် (၇) ချစ်လှအောင်နှင့် အသန့်ရှင်းဆုံး အသင်းဆုရ ဧရာဝတီတိုင်းဒေသ ကြီးအသင်းတို့အား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် ကလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဒိုင်းဆုချီးမြှင့်

ထို့နောက် ရန်ကုန်တိုင်းဒေသ ကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ၂၀၁၁ခုနှစ် (၁၂)ကြိမ်မြောက် အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးဖလား တိုင်းဒေသကြီးနှင့် ပြည်နယ်အသက်(၁၉)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည့် ရန်ကုန် တိုင်းဒေသကြီးအသင်းအား ပင်မ ဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်း ရရှိသည်။ **(ဝဲပုံ)** **(သတင်းစဉ်)**

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ကရာတေးဒို လက်ရွေးစင်များ လေ့ကျင့်လျက်ရှိ

ရန်ကုန် ဇွန် ၇

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ပဏာမ ကရာတေးဒို အားကစားသမားများအား ရွေးချယ်ပြီး ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ကရာတေးဒို လေ့ကျင့်ရေးခန်းမ၌ လေ့ကျင့်ပေးလျက်ရှိသည်။

လေ့ကျင့်မှုပြုလုပ်

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက် ပဏာမ မြန်မာ့လက်ရွေးစင် ကရာတေးဒို အားကစားသမား (၂၈)ဦးအား နေ့စဉ် နံနက် ၈ နာရီခွဲမှ ၁၀ နာရီအထိ တစ်ကြိမ်၊ ညနေ ၅ နာရီမှ ၆ နာရီအထိတစ်ကြိမ် တစ်နေ့နှစ်ကြိမ် ပြင်းပြင်းထန်ထန် လေ့ကျင့်မှုများ ပြုလုပ်ပေးလျက်ရှိသည်။

ဖွင့်လှစ်ပို့ချ

မြန်မာ့လက်ရွေးစင် ကရာတေးဒို အားကစားသမားများ အပြည်ပြည် ဆိုင်ရာ ကရာတေးဒို ပြိုင်ပွဲများတွင် ကရာတေးဒိုအားကစားပြိုင်ပွဲ ဒိုင်လူကြီး ဥပဒေများနှင့် ပြိုင်ပွဲစည်းမျဉ်း ဥပဒေများကို သိရှိနားလည်စေရန်၊ မြန်မာကရာတေးဒို ဒိုင်လူကြီးများအား အရည်အချင်း မြှင့်တင်ရန်နှင့် ထူးချွန်သော ကရာတေးဒို ဒိုင်လူကြီးများ ပေါ်ထွက်လာစေရန် ကရာတေးဒို ဒိုင်လူကြီး သင်တန်းကိုလည်း ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ခြင်းလုံးခတ်ပြိုင်ပွဲဆုချီးမြှင့်ပွဲ ပညာသင်စရိတ်နှင့် ဝတ်စုံပေးအပ်ပွဲသို့ တက်ရောက်

နေပြည်တော် ဇွန် ၇

၂၀၁၁ခုနှစ် အဋ္ဌမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးဖလား၊ (၃၇)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဒိုင်း၊ မြန်မာကိုင်ဒိုဖလား မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၃ ရက် နံနက် ၁၀ နာရီတွင် မကွေးတိုင်းဒေသကြီး မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် အားကစားဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအေးမြင့်ကြူတို့ တက်ရောက်ကြ၍ အလွတ်တန်း ဝိုင်းဖွဲ့ အလုခတ်ပြိုင်ပွဲ ဗိုလ်လုပွဲ စဉ်များ၊ မြန်မာနိုင်ငံခြင်းလုံး အဖွဲ့ချုပ်မှ အမျိုးသား လက်ရွေးစင် အသင်း၏ ဝိုင်းဖွဲ့ ခတ်ကစား သရုပ်ပြမှုနှင့် အမျိုးသမီးခြင်းလုံး အားကစားသမားများ၏ တစ်ဦးချင်း စွမ်းရည်ပြ ခတ်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဇွန် ၅ ရက် နံနက် ၉ နာရီတွင် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ၂၀၁၁-၂၀၁၂ ပညာ သင်နှစ်အတွက် ဝန်ထမ်းသားသမီး များအား ပထမအကြိမ် ပညာသင် စရိတ်နှင့် ဝန်ထမ်းများအား ဝတ်စုံ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက် ၍ အမှာစကားပြောကြားပြီး တက္ကသိုလ်အဆင့်နှင့် အခြေခံပညာ အထက်တန်းအဆင့် ဝန်ထမ်းများ၏ သားသမီးများအတွက် ပညာသင် စရိတ်များကို ပေးအပ်သည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲ တွင် ပညာသင်စရိတ် ငွေကျပ် ၁၁၀၃၈၃၀နှင့် ဝတ်စုံများတန်ဖိုး ငွေကျပ် ၂၄၆၉၀၀၀ စုစုပေါင်း ငွေကျပ် ၃၅၇၂၈၃၀ ကို ထောက်ပံ့ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များက အလှူငွေနှင့် စာအုပ် စာစောင်များလှူဒါန်း

နေပြည်တော် ဇွန် ၇

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာ စေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက် လာစေရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိသည်။

ပြန်လည်ပေးအပ်

အဆိုပါလုပ်ငန်းများ အောင်မြင် စေရေးအတွက် စေတနာရှင်အလှူရှင် များက အလှူငွေနှင့် စာအုပ် စာစောင်များကို ပေးအပ်လှူဒါန်း လျက်ရှိရာ ယနေ့တွင် အလှူရှင် အကယ်ဒမီ ခန့်စည်သူ၊ မိုးယံဇွန်၊ ညီနန္ဒ၊ ကျော်ကျော်ဗို၊ ဆန်းထွဋ်၊ ချောရတနာ၊ ခင်လေးနွယ်၊ ချစ်စနိုးဦး၊ နန်းဆုရတီစိုး၊ ခိုင်နှင်းဝေနှင့် ရုပ်ရှင်၊ ဗီဒီယို သရုပ်ဆောင်များ၊ Rဇာနည်၊ ဖိုးကာ၊ ရတနာ (No)နှင့် ဂီတအနုပညာရှင် မိသားစုများက ငွေကျပ် သိန်း နှစ်ဆယ်တန်ဖိုးရှိ သုတရသ စာအုပ်စာစောင်မျိုးစုံ ၈၀၀၀ နှင့် အလှူငွေကျပ် ၆၀၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြပြီး**(အောက်ပုံ)** မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင် နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် များက လက်ခံ၍ ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ် ကြသည်။

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ ပေးအပ်လှူဒါန်း သော အလှူငွေနှင့် စာအုပ်စာစောင် များကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆက်လက် ပေးပို့ လှူဒါန်းပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

မီးတောင်ပြာမှုန်များကြောင့် အာဂျင်တီးနားတွင် လေဆိပ်ပိတ်ထားရ

ဗျူနိုစ်အေရီ ဇွန် ၇

ချီလီနိုင်ငံရှိ ပူယီဟွေမီးတောင်ပေါက်ကွဲမှုမှ ထွက်ပေါ်လာသော မီးခိုးနှင့်ပြာမှုန်များ အိမ်နီးချင်း အာဂျင်တီးနားနိုင်ငံ ဝေဟင်အတွင်း ဝင်ရောက်လာမှုကြောင့် ဗျူနိုစ်အေရီလေဆိပ်ပိတ်ထားခဲ့ရပြီး လေယာဉ်ခရီးစဉ် ၁၀၀ ကျော် ဖျက်သိမ်းထားရကြောင်း အာဂျင်တီးနားအရာရှိများက ဇွန် ၇ ရက်၌ ပြောကြားသည်။ (အပေါ်ပုံ)

ပိတ်ထားခဲ့ရ

အမြင့် မီတာ ၂၂၄၀ ရှိသော ပူယီဟွေမီးတောင်သည် ချီလီနှင့် အာဂျင်တီးနားနယ်စပ်တွင် တည်ရှိနေရာ ပြီးခဲ့သည့် ဇွန် ၄ ရက်က မီးတောင် စတင်ပေါက်ကွဲနေရာမှ မီးခိုးနှင့်ပြာမှုန်များ အာဂျင်တီးနားနိုင်ငံ တောင်ပိုင်း ဝေဟင်သို့ လွင့်မျောဝင်ရောက်လာခြင်းဖြစ်သည်။ ထို့ကြောင့် ဗျူနိုစ်အေရီမြို့ တောင်ပိုင်း အဓိကမြို့တစ်မြို့ဖြစ်သော ဘာဟီရာဘလန်ကာမြို့လေဆိပ်ကို ဇွန် ၆ ရက်မှ စတင်ပိတ်ထားခဲ့ရသည်။ ၎င်းလေဆိပ်မှာ ဇွန် ၈ ရက်အထိ ပြန်လည်ဖွင့်လှစ်နိုင်ဖွယ်မရှိကြောင်း လေဆိပ်အရာရှိများက ပြောကြားသည်။ ဗျူနိုစ်အေရီလေဆိပ်မှ ပြန်လည် ပျံသန်းထွက်ခွာမည့် ချီလီလေကြောင်းလိုင်း၊ ဩစတြေးလျလေကြောင်းများ အပါအဝင် အခြားလေကြောင်းလိုင်း အများအပြား၏ ခရီးစဉ်များကိုလည်း ဖျက်သိမ်းထားရကြောင်း သိရသည်။ (အင်တာနက်)

အင်ဒိုနီးရှား၌ ကူးတို့သင်္ဘောနစ်မြုပ် ၁၈ ဦး သေဆုံး၊ ၁၈ ဦးပျောက်ဆုံး

ဂျကာတာ ဇွန် ၇

အင်ဒိုနီးရှားနိုင်ငံ ဘော်နီရိုကျွန်းကမ်းလွန်တွင် ဇွန် ၆ ရက်က လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ကူးတို့သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရာ ၁၈ ဦးသေဆုံးပြီး ၁၈ ဦး ပျောက်ဆုံးလျက်ရှိကြောင်း အင်ဒိုနီးရှားအရာရှိများက ဇွန် ၇ ရက်၌ ပြောကြားသည်။

နစ်မြုပ်ခဲ့

၎င်းကူးတို့သင်္ဘောသည် ဘော်နီရိုကျွန်းမှ ဂီရွန်ဂန် ဆိပ်ကမ်းသို့ ထွက်ခွာလာပြီးနောက် တစ်နာရီခန့်အကြာတွင် မုန်တိုင်းဒဏ်ကြောင့် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း ဆိပ်ကမ်းအရာရှိတစ်ဦးက ပြောကြားသည်။

ပျောက်ဆုံး

အဆိုပါ ကူးတို့သင်္ဘောပေါ်တွင် ခရီးသည် ၁၀၁ ဦးနှင့် သင်္ဘောဝန်ထမ်းလေးဦးတို့ကို တင်ဆောင်မောင်းနှင်ခဲ့ခြင်းဖြစ်ကြောင်း၊ ခရီးသည်အများအပြားကို ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ပျောက်ဆုံးနေသော ခရီးသည် ၁၈ ဦးကို ရှာဖွေလျက်ရှိကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ (အင်တာနက်)

ဘရာဇီးမြောက်ပိုင်း၌ ရေလွှမ်း အိမ်နှင့်စာသင်ကျောင်းများ ရေနစ်မြုပ်နေ

ရီရိုဒီဂျနေရိုး ဇွန် ၇

ဘရာဇီးနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးသည်းထန်မှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်လျက်ရှိရာ ၁၉၇၆ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံး ရေဘေးဒုက္ခနှင့်ပြည်သူများကြုံတွေ့နေရခြင်းဖြစ်ကြောင်း ဘရာဇီးအရာရှိများက ဇွန် ၇ ရက်၌ပြောကြားသည်။ (အောက်ပုံ)

ကျော်လွန်ခဲ့

ဘရာဇီးနိုင်ငံမြောက်ပိုင်းရှိ ဘရန်ကိုမြစ်ရေသည် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ၁၀ ဒသမ ၀၂ မီတာအထိမြင့်တတ်ခဲ့ရာ ၁၉၇၆ ခုနှစ်က ၉ ဒသမ ၈ မီတာ အမြင့်ထက် ပိုမိုကျော်လွန်ခဲ့သည်။ ရိုးရေးမားပြည်နယ် မြို့တော် ဘိုရာဗစ်စတာမြို့တွင် နေအိမ်အများအပြား ရေလွှမ်းခဲ့ပြီး အနီးဝန်းကျင်ဒေသ၏ ၈၀ ရာခိုင်နှုန်းမှာ ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။ အဝေးပြေးလမ်းမများလည်း ရေလွှမ်းနေသဖြင့် မော်တော်ယာဉ်သွားလာမှု ပြတ်တောက်နေဆဲဖြစ်သည်။

ပိတ်ထားရ

နေအိမ်နှင့် စာသင်ကျောင်းများ ရေလွှမ်းနေသဖြင့် ကျောင်းများပိတ်ထားရပြီး ကလေးငယ်အများအပြား ကျောင်းမတက်ရဘဲ ရှိနေသည်။

ရေဘေးဒုက္ခကြုံတွေ့ရသူများအား ကယ်ဆယ်ရေးအဖွဲ့များစေလွှတ်ကာ အကူအညီများ ပေးလျက်ရှိသည်။ (အင်တာနက်)

ဟောလိဝုဒ်မင်းသမီး ဂျက်စီကာဘေးလ်၏ ဘဝပုံရိပ် ....

မောင်မောင်မြင့်ဆွေ ရေးသားသည်

အမေရိကန်ဟောလိဝုဒ်၌ အောင်မြင်ကျော်ကြားပြီး ရုပ်ရှင်ကားများစွာ ရိုက်ကူးနေရသော ရုပ်ရှင်မင်းသမီး ဂျက်စီကာဘေးလ်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

လော့စ်အိန်ဂျလိစ် ဇွန် ၇

အမေရိကန်ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ဂျက်စီကာဘေးလ်သည် အမေရိကန်မီဒီယာစာမျက်နှာများပေါ်တွင် ထင်ရှားသူတစ်ဦးအဖြစ် နေရာပေးခြင်းခံလာရသည်။ သူမ၏ သရုပ်ဆောင်မှုနှင့် အလှအပကို လူအများ စိတ်ဝင်စားလာကြသည်။

ဂျက်စီကာဘေးလ်သည် ၂၀၁၁ခုနှစ် ကမ္ဘာ့ဆွဲဆောင်မှုအရှိဆုံး အမျိုးသမီး ၁၀၀အထဲတွင် အဆင့်၂၃၌ ရွေးချယ်ဖော်ပြခြင်းခံရသူဖြစ်သည်။ ထို့အပြင် ဟောလီးဝုဒ်၏ အောင်မြင်မှုအရှိဆုံး အမျိုးသမီးသရုပ်ဆောင်များတွင်လည်း သတ္တမနေရာ၌ ရပ်တည်နေသူတစ်ဦးဖြစ်သည်။

စတင်ဝင်ရောက်

ဂျက်စီကာဘေးလ်သည် အသက် ၁၄ နှစ်အရွယ်တွင် 7 Heaven အမည်ရှိ ရုပ်မြင်သံကြား ဒရာမာဇာတ်လမ်းတွဲဖြင့် ရုပ်ရှင်လောကသို့ စတင်ဝင်ရောက်ခဲ့သူဖြစ်သည်။ သူမသည် မော်ဒယ်တစ်ဦးလည်းဖြစ်ပြီး အဆိုတော်တစ်ဦးလည်းဖြစ်သည်။ ဂျက်စီကာဘေးလ်သည် ပထမဦးဆုံး ပါဝင်သရုပ်ဆောင်ခဲ့သည့် 7 Heaven ဇာတ်လမ်းတွဲဖြင့်ပင် ၁၉၉၈ ခုနှစ်အတွက် လူငယ်အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆု ဆွတ်ခူးရရှိခဲ့သူဖြစ်သည်။

သူမအောင်မြင်ကျော်ကြားခဲ့သော ရုပ်ရှင်ကားများမှာ The Texa Chainsaw Massacre landon The illusionist Next နှင့် Easy Virttue တို့ဖြစ်ကြသည်။ ဂျက်စီကာဘေးလ် ပါဝင်သရုပ်ဆောင်ထားသည့် Easy Virttue အမည်ရှိ ရုပ်ရှင်ဇာတ်ကားမှာ ၂၀၀၈ခုနှစ်က ရုံတင်ပြသခဲ့ရာ ၎င်းနှစ်က သတင်းတစ်ပတ်အတွင်း ဝင်ငွေအများဆုံး ရရှိခဲ့သည်။

ယခု ၂၀၁၁ခုနှစ်၌ The Tall Man ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားပြီး New Year's Eve ဇာတ်ကားသစ်တွင်လည်း သူမပါဝင် သရုပ်ဆောင်မည်ဖြစ်သည်။ ၂၀၀၂ ခုနှစ်က ကမ္ဘာ့ဆွဲဆောင်မှုအရှိဆုံး အမျိုးသမီး ၁၀၂ ဦး စာရင်းတွင် ပါဝင်ခဲ့သည်။

လမ်းခွဲခဲ့

ဂျက်စီကာဘေးလ်သည် ၁၉၉၈ခုနှစ်မှ ၂၀၀၁ ခုနှစ်ထိ အမေရိကန် ရုပ်ရှင်မင်းသား အဒမ်လာဗော့နာနှင့် တွဲခဲ့သည်။ ထို့နောက် အဒမ်လာဗော့နာနှင့် လမ်းခွဲခဲ့ပြီး ရုပ်ရှင်မင်းသား ခရစ်အီဗန်စ်နှင့် ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်ဇွန်လအထိ တွဲခဲ့ပြန်သည်။ တစ်ဖန် ၂၀၀၇ခုနှစ်တွင် အဆိုတော် ဂျက်စတင်းတမ်ဘာလိတ်နှင့်တွဲခဲ့ပြီး ၂၀၁၁ခုနှစ် မတ်လ၌ လမ်းခွဲခဲ့ပြန်သည်။ ယခုအခါ အချစ်သစ်အဖြစ် ရုပ်ရှင်မင်းသား ဂီရက်ဘတ်လာနှင့် တွဲနေပြီဖြစ်သည်။

အသက် ၂၉ နှစ်အရွယ်ရှိ ရုပ်ရှင်မင်းသမီး ဂျက်စီကာဘေးလ်သည် အသက် ၄၁ နှစ်အရွယ်ရှိ ရုပ်ရှင်မင်းသား ဂီရက်ဘတ်လာနှင့် Playing the field ဇာတ်ကား၌ အတူတကွပါဝင်သရုပ်ဆောင်ကြရင်း သံယောဇဉ်ငြိတွယ်ခဲ့ကြခြင်းဖြစ်ပါကြောင်း။ ။ (အင်တာနက်)

ကောင်းမြတ်သူ - ရေးသည်

တူရကီဘောလုံးအသင်း နည်းပြ ဂူဟစ်ဒင့်။

တူရကီနည်းပြ ဂူဟစ်ဒင့် ချယ်လ်ဆီးနည်းပြဖြစ်လာဖွယ်ရှိ

လန်ဒန် ဇွန် ၇

တူရကီဘောလုံးအသင်းနည်းပြ ဂူဟစ်ဒင့်အား ချယ်လ်ဆီးနည်းပြအဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် တူရကီဘောလုံးအဖွဲ့ချုပ်က ၎င်းအား အသင်းနည်းပြအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

ယုံကြည်

နယ်သာလန်နိုင်ငံသား ဟစ်ဒင့်သည် ချယ်လ်ဆီးသို့ ပြောင်းမည်ဟု ပြောကြားခြင်းမရှိကြောင်း၊ သို့သော် ချယ်လ်ဆီးနည်းပြဖြစ်လာလိမ့်မည်ဟု မိမိတို့ယုံကြည်မိကြောင်း တူရကီဘောလုံးအဖွဲ့ချုပ်က ပြောကြားသည်။

အသက် ၆၄ နှစ်ရှိ ဟစ်ဒင့်သည် ၂၀၀၉ ခုနှစ်က ချယ်လ်ဆီးအသင်းကို အက်ဖ်အေဖလားရအောင် ဦးဆောင်နိုင်ခဲ့သည်။ ဟစ်ဒင့်သည် ပီအက်စ်ဗွီအိုင့်ဟိုဗင်အသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်ခဲ့သည်။

ဟစ်ဒင့်သည် လာမည့်သီတင်းပတ်၌ ချယ်လ်ဆီးကလပ်သို့ နည်းပြအဖြစ် တာဝန်ယူရန် ရောက်ရှိလာမည်ဟု ချယ်လ်ဆီးကလပ်တာဝန်ရှိသူများက ပြောကြားသည်။ (အင်တာနက်)

သာပေါင်းမြို့နယ်ရှိ စက္ကူစက်ရုံများ ဒုတိယဝန်ကြီး ဦးသိန်းအောင်စစ်ဆေး

နေပြည်တော် ဇွန် ၇

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်သည် ဇွန် ၄ ရက် ညနေ ၃နာရီက ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာရှိ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း စက္ကူနှင့်ပျော့ဖတ်စက်ရုံ (သာပေါင်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီးသည် ဇွန် ၅ ရက် နံနက်ပိုင်းက နိုင်ငံခြားသို့တင်ပို့သည့် ပျော့ဖတ်ချပ် Containerများ အသုံးပြုသည့် ဆိပ်ကမ်း ဝါးတင်/ချ လုပ်ငန်းများ ဆောင်ရွက်မှု၊ ဝါးသိုလှောင်ကွင်း၌ ဝါးများသိုလှောင်ထားရှိမှု၊ ဝါးဖြတ်စက်များဖြင့် ဝါးဖြတ်တောက်နေမှု၊ ပြည်ပတင်ပို့သည့် ဝါးပျော့ဖတ်ချပ်များ ထုတ်လုပ်နေမှု၊ ထုပ်ပိုးမှုနှင့် တစ်နေ့ တန်(၆၀) သတင်းစာစက္ကူစက်ရုံ(စီမံကိန်း) တည်ဆောက်နေမှုနှင့် တန်(၅၀) အဆင့်မြင့်စက္ကူစက်ရုံ၌ စက္ကူထုတ်လုပ်နေမှုနှင့် ထုပ်ပိုးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကောက်ရိတ်စက် သရုပ်ပြရိတ်သိမ်းပွဲ နတ်တလင်း၌ ကျင်းပ

နတ်တလင်း ဇွန် ၇

သာယာဝတီခရိုင် နတ်တလင်းမြို့နယ်၌ကောက်ရိတ်စက်ဖြင့် ရိတ်သိမ်းပြသပွဲကို မေ၃၃ရက် နံနက် ၉ နာရီက ကံသာကျေးရွာအုပ်စု ဦးထွန်းထွန်း၏ နွေစပါးစိုက်ခင်းတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

မေးမြန်းဆွေးနွေး

ယင်းသရုပ်ပြပွဲတွင် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများကို မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးမောင်မောင်နှင့် ဝွတ်ဘရားသားကုမ္ပဏီမှ တာဝန်ရှိသူများက ကောက်ရိတ်စက်အကြောင်း ရှင်းလင်းပြောကြားကြပြီး တောင်သူများက သိရှိလိုသောအချက်များကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

တောင်ဥက္ကလာပမြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၈ရက်က အထက (၂) သီရိမြန်မာခန်းမ၌ ကျင်းပရာ ဦးမြင့်သန်းက ကျောင်းဝတ်စုံ ၁၂၅ထည်နှင့် ဗလာစာအုပ်ဒါဇင် ၄၀ ကို မြို့နယ်ပညာရေးမှူး ဦးရဲတင့်ထံသို့ ပေးအပ်စဉ်။ (၀၂၃)



MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၆-၂၀၁၁
(ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်၊ ဝဋ္ဋသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **မရဏာသတိ** တရားတော်(ဆရာတော်ဓမ္မဒူတ အရှင်ပညာဝရ)
၆:၄၅ အံ့ဖွယ်ထူးခြားကလောမဟာမုနိ ဆုတောင်းပြည့်နီးဘုရား
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၂၈)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၈၆)
၈:၅၀ ရှိခိုးဦးညွှတ်ဂါရဝတင်ချီ… ဆရာများ၏ မေတ္တာဂုဏ်ရည်
၉:၀၅ လုံခြုံစိတ်ချလှပဂုဏ်ဆောင် စော်ဘွားလေးဗိုလ်ဗိုလ်မောင်
၉:၁၅ ရန်ကုန်မြင်ကွင်းကျယ် (PIELC ထူးချွန်ကျောင်းသားကျောင်းသူများဆုချီးမြှင့်ပွဲ)
၉:၃၀ အားကစားမြင်ကွင်းစုံ
၁၀:၀၅ Industrial Talk
၁၀:၃၅ ဓာတ်ပုံထဲမှ အမှတ်တရများ (ဟက်ကက်၏ဓာတ်ပုံထဲမှ အမှတ်တရများ)
၁၁:၀၅ သူတို့ခလေ့နှင့်သူတို့အစဉ်အလာ (အုတ်ဖိုမြို့မှအလှူတော်မင်္ဂလာ)
၁၁:၂၅ ရွှေပြည်သာမြို့နယ် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ
၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂:၁၀ မဟာလောကဥသျှောင်ကျောက်တော်ကြီးစေတီတော် ထီးတော်တင်လှူပွဲ
၁၂:၃၀ စားချင်စဖွယ် နည်းအသွယ်သွယ် (အုန်းနို့ခေါက်ဆွဲသုပ်နှင့် ဂရိပုစွန်ကြော်)
၁:၀၀ **မရဏာသတိ** တရားတော် (ဆရာတော်ဓမ္မဒူတ အရှင်ပညာဝရ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ **စကားနပန်း** (ဆရာလုပ်တာ ကောင်းတယ်၊ ဆရာမလုပ်တာ ကောင်းတယ်)
၃:၁၀ ရန်ကုန်မြင်ကွင်းကျယ် (Dumex မှ စီစဉ်ကျင်းပသော မိခင်လောင်းတို့ သိကောင်းစရာ အဖြာဖြာ ကျန်းမာရေးဟောပြောပွဲ)
၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၂၈)
၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း -၈၆)
၄:၅၅ ဒို့ဘဝဆေးကျောင်း မမေ့စကောင်း စာပေမိတ်ဆက်
၅:၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၅:၄၅ Activities in the City (ထိုင်းနိုင်ငံ ကျောက်ဖရားဆေးရုံကြီး ဆေးပညာနီးနှောဖလှယ်ပွဲ)
၆:၀၀ MRTV -4 သတင်း
၆:၂၀ ရန်ကုန်မြင်ကွင်းကျယ် (MYES နှင့် Myanmer Network တို့၏ YDP Program မိတ်ဆက်ခြင်း)
၆:၄၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၂၉)
၇:၂၀ Cartoon Show Time (RIO)
၈:၀၀ MRTV -4 သတင်း
၈:၃၀ သင်ကြားရေးလမ်းညွှန် (Management Development Institute of Singapore)
၈:၅၅ Celebrity Style (Bambino)
၉:၃၀ MRTV -4ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၈၇)
၁၀:၂၀ နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (မလိခလမ်းက သဘာဝတရားတွေ လွှမ်းခြုံထားတဲ့ အိမ်ကလေး)
၁၀:၅၀ ဖြည့်စွက်အလှူ… ကုသိုလ်ယူ မြွေအံ်တော်စေတီမှ မြတ်သောအလှူ
၁၁:၀၅ World of Knowledge (Robo Humans)
၁၁:၅၅ **ကိုစိန်နှင့် ကိုယ်ဝန်ဆောင်မိခင်** စံလင်း၊ မျောက်ရှုံး၊ အေးအေးခိုင်၊ အေးသီတာ (ဒါရိုက်တာ-အောင်မိုး(ပဲရစ်)
၁၂:၀၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ၄၀၁)
၁၂:၁၅ အရိုးအကြောအဆစ်များ ပြန်လည်သန်စွမ်းစေမည့် နှင်းဆီ
၁၂:၃၅ လှပချစ်စရာ လက်မှုအနုပညာ Pretty in Day & Night
၁:၀၅ 3D ကျွဲကော
၁:၂၀ Shooting Location (ဦးမောင်မောင်ကြီးအိမ်)
၁:၄၀ သဘာဝအလှများစုဝေးရာ ပူတာအိုမြို့
၁:၄၅ မြန်မာ့လက်မှုယွန်းအနုပညာ
၂:၁၀ စုပေါင်းဆင်နွှဲ မန္တလာမြေရဲ့ခြင်းပွဲ
၂:၃၀ စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (သဘော်အကြွပ် ယိုမုန့်လုပ်နည်း)
၂:၄၀ အတုအပကင်းစေဖို့ 3D Hologam သုံးကြစို့
၃:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄:၀၀ လီဆူးသဘာဝရိုးရာအလှ
၄:၃၀ တရားဓမ္မပွားများအားထုတ်ရာ ဓမ္မဒူတတောရသာသနာ့ရိပ်သာ
၄:၄၅ တောင်စွန်းမြို့ဦးပရဟိတ လူငယ်စောင့်ရှောက်ရေးဌာန
၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကော့မှူး၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

ကော့မှူး ဇွန် ၇

ကော့မှူးမြို့နယ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၃၀ ရက်နံနက် ၉ နာရီက ကော့မှူးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် အမှတ်(၃) အခြေခံပညာ ဦးစီးဌာန ဦးစီးအရာရှိတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် အလှူရှင်များကိုယ်စား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက ငွေကျပ် ၅၂ သိန်းတန်ဖိုးရှိ စာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများကို မြို့နယ်ပညာရေးမှူး ဒေါ်မေယဉ်နွဲ့ထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကျိုင်းတုံ၌ ပြိုင်ပွဲများကျင်းပ

ကျိုင်းတုံ ဇွန် ၇

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာနှင့် စာစီစာကုံး ပြိုင်ပွဲများကို ကျိုင်းတုံကွန်ပျူတာတက္ကသိုလ်တွင် မေ ၂၈ ရက် နံနက်က ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ခရိုင်လေးခရိုင်မှ ကျောင်းသား ကျောင်းသူ ၁၂၆ ဦး ဝင်ရောက် ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲသို့ တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ခိုင်ဦး **(အပေါ်ပုံ)**၊ ခရိုင်၊ မြို့နယ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများတားဆီးကာကွယ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများကြည့်ရှုအားပေးခဲ့ကြကြောင်း သိရှိရသည်။

(ပြည်နယ် ပြန်/ဆက်)

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မေ ၂၁ ရက်က မြို့အဝင်လမ်းထောင့်၌ မြေယာရှုခင်းအလှဆောင်ရွက်နေမှုကို ဒိုက်ဦးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ခိုင်တို့ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

သံချောင်းထုသံ နားမခံသာ

စာတည်းရှင့် -

ပုဇွန်တောင်မြို့နယ် အမှတ်(၂)ရပ်ကွက် ၅၅ လမ်း အလယ်ဘလောက်တွင် သံပန်း၊ သံတံခါးများ လုပ်ကိုင်လျက်ရှိရာ နေ့စဉ် နံနက်မှ ညမိုးချုပ်အထိ သံဖြတ်တောက်သံ၊ ကျောက်စက် တိုက်သံ၊ သံချောင်း ထုရိုက်သံများကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ ၎င်းသံထည်လုပ်ငန်းကို သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန်တင်ပြအပ်ပါသည်။ **လမ်းသားများ**

မြောင်းပိတ်ပြီးတိုက်ဆောက်နေမှု တားမြစ်ပေးပါ

စာတည်းခင်ဗျား -

ကျောက်ဖြူမြို့ ကမ်းနားလမ်း ဈေးအနီးတွင်တည်ဆောက်လျက်ရှိသော တိုက်အိမ်တစ်အိမ်သည် မြောင်းကိုပိတ်ပြီး တည်ဆောက်နေလျက်ရှိရာ ရေများ မဆင်းနိုင်တော့ဘဲ ရေများအိုင်နေသဖြင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေး ထိခိုက်နိုင်ပါသောကြောင့် သက်ဆိုင်ရာမှ တားမြစ်ပေးပါရန် တင်ပြအပ်ပါသည်။ **အမြင်မတော်သူ**

မဟာမြိုင်ဈေးအနီးအမှိုက်ပုံ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား -

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၄၁)တိုးချဲ့ရပ်ကွက် မဟာမြိုင်ဈေးတန်းအဆုံးရှိ အမှိုက်ပုံကြီးမှာ အနံ့အသက်ဆိုးရွားစွာထွက်ပေါ်နေပြီး ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်နေပြည်သူတစ်ဦး**

လမ်းများပြုပြင်ရေး ဆောင်ရွက်ပြီးဖြစ်

၂၀-၅-၂၀၁၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **ဖျာပုံမြို့ရှိ လမ်းများပြုပြင်ပေးပါ**ပေးစာနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ဗို့အားကျဆင်းသည့်ကိစ္စ ဖြေရှင်းပြီးဖြစ်

၂၀-၅-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် ၃ လမ်း(တောင်)ရှိ လူနေအိမ်များတွင် မီးအားများကျဆင်းသည့်ကိစ္စနှင့် စပ်လျဉ်း၍ စစ်ဆေးရာ ၇-၅-၂၀၁၁ ရက်နေ့တွင် ၄င်းလမ်းသို့ ဓာတ်အားပေးထားသော ကြို့ကုန်း(၂) ၁၀၀၀ ကေဗွီ အေထရန်စဖော်မာ၏ ၆ ဒသမ ၆ ကေဗွီ အဝင်မြေအောက်ကြိုး သုံးချောင်းအနက် တစ်ချောင်းပြတ်ခဲ့သည့်အပြင် ၉-၅-၂၀၁၁ ရက်နေ့တွင် အဆိုပါ ထရန်စဖော်မာ၏ ၄၀၀ ဗို့ ဒဏ်ခံကြိုးတစ်ချောင်းပြတ်သွားခဲ့သဖြင့် ဗို့အားနည်းခဲ့ခြင်းဖြစ်ပါသည်။ မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့အနေဖြင့် သွားရောက်ပြုပြင်ပြီး ဖြစ် ကြောင်းနှင့် ပုံမှန်ဗို့အားဖြင့် ဓာတ်အားပုံမှန်ပြန်လည်ဖြန့်ဖြူးပေးပြီးဖြစ် ကြောင်း ပြန်ကြားရှင်းလင်းအပ်ပါသည်။

(ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့)

ပညာရွှေတောင်စာအုပ်တိုက်
စာအုပ်ဈေးရောင်းပွဲ
(၈-၆-၂၀၁၁ မှ ၁၄-၆-၂၀၁၁) အထိ

၂၀၁၁ ခုနှစ် ... MCC Training Institute
School of Computing
School of Engineering
School of Business Management
School of Economics
School of Environment and Natural Resources Management
Yatanarpon Campus
Yangon Campus
Mandalay Campus

Manual စနစ်
Auto စနစ်
Auto + Manual စနစ်
500 VA မှ 20 KVA အထိ

ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပါယ်လမ်းနှင့် စံပါယ်လမ်းသွယ်-၂ လမ်းထောင့်၊ အမှတ်၁၂ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၄E-၂)၊ မြေကွက်အမှတ် ၁/၈၂ဘီ၊ မြေဧရိယာ ၀.၀၁၁ ဧက ပေ၈၀×၉၀ပေရှိ နှစ်၆၀ မြေငှားဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြို့မြေစာရင်းတွင် အမည်ပေါက် ပိုင်ဆိုင်သူထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင်ပြုလုပ်သည့် အရောင်းအဝယ်စာချုပ်အမှတ်(၂၁၀၁/၂၀၁၁)အရ လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးမောင်သိန်း ၁၀/မလမ(နိုင်)၀၁၂၀၂၀ မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင် စာရွက်စာတမ်း၊ အထောက်အထား ခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်အေးအေးရီ (LL.B) — **တရားရုံးချုပ်ရှေ့နေ (၄၃၇၃)**

ဒေါ်လှလှခိုင်(LL.B) — **တရားရုံးချုပ်ရှေ့နေ(၅၄၁၀)**

အမှတ် ၉/၁၁၊ အခန်းအမှတ် ၂၀၁-A (ဒုတိယထပ်)၊ ၃၆လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ အမှတ် ၇၉၅၊ ဗေယျာသုခလမ်း၊မေတ္တာညွန့်ရပ်ကွက်၊တာမွေမြို့နယ်နေ ဦးမြတ်စိုး-ဒေါ်မြင့်မြင့်ရှိန်တို့၏သားဖြစ်သော မောင်သိန်းသန်းစိုး(ခ)သန်းထက်စိုး ၁၂/တမန(နိုင်)၀၉၀၂၂၈ သည် မိဘအားစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးမြတ်စိုး
၁၂/တမန(နိုင်)၀၆၀၂၈၈
ဒေါ်မြင့်မြင့်ရှိန်
၁၂/တမန(နိုင်)၀၃၁၉၂၃။

အများသိစေရန်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်နီ(၄)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၂)၊ မြေကွက်အမှတ် ၅၅၆(၂၅ပေ×ပေ၅၀) အကျယ်အဝန်းရှိသည့် နှစ် (၆၀)ဂရန်မြေ အမျိုးအစား မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သွပ်မိုး၊ ပျဉ်ခင်းနှစ်ထပ်တိုက်အဆောက်အအုံအား ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ပိုင်ရှင်ဖြစ်သူ ဒေါ်သင်းသင်းမာ ၅/ကဘလ(နိုင်)၁၁၂၆၉၇ထံမှ ဒေါ်ခင်မာဝင်း ၅/ကဘလ(နိုင်)၀၉၀၉၅၉က တန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀ (ကျပ်သိန်းတစ်ရာ့ငါးဆယ်တိတိ)ဖြင့် ၁၅-၃-၂၀၁၁ရက်တွင် စာချုပ်စာတမ်းပြုလုပ်ကာ ဝယ်ယူခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မခင်မာဝင်း
၅/ကဘလ(နိုင်)၀၉၀၉၅၉
စီးကုန်း(က)၊ ကန့်ဘလူမြို့နယ်၊ ရွှေဘိုခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး။

ဦးအောင်မင်းကျော်

အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ သံလမ်း၊ အမှတ်(၂၃)၊ ပထမထပ်နေ ကျွန်တော်ဦးမာဟာမက်အီဆာမန် AK-၁၀၃၄၄၁၊ ဒေါ်မော်ရီဂျန် MDW-၂၄၇၅၁၈ တို့၏ သားဖြစ်သူ မောင်ရန်ပိုင်တင် HLG-၀၄၀၀၁၅သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ ၂၀၁၁ခုနှစ် ဧပြီ၇ရက်မှစ၍ နေအိမ်မှထွက်ခွာသွားပါသဖြင့် ၎င်းအား ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မောင်ရန်ပိုင်တင်နှင့် ပတ်သက်၍ မိဘနှစ်ပါးက လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမာဟာမက်အီဆာမန်-ဒေါ်မော်ရီဂျန်။

ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ပါကြောင်း

ကျွန်မခင်ပွန်း ကိုအောင်ဝင်း ၁၂/တမန(နိုင်)၀၀၆၄၂၀ သည် နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

မသီတာအောင် ၁၂/မဂတ(နိုင်)၀၇၀၄၃၉
အမှတ် ၆၁၊ ၁၅၇လမ်း၊ တာမွေမြို့နယ်။

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄-FGI၊ မြေကွက်အမှတ်(၁၃၁၂)၊ ဧရိယာ ၀ ဒသမ ၀၁၄ ဧကရှိ (ဦးဌေးဝင်း-ဒေါ်လှဲလှဲထွန်း) အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်နှင့် မြေပေါ်ရှိ အမှတ် ၁၃၁၂၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်ဟုခေါ်တွင်သည့် နေအိမ်တို့အား လက်ရှိထားပိုင်ဆိုင်နေသူ ဦးမြစိုးလွင် ၁၄/မအပ(နိုင်)၁၄၉၉၇၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူသွားရန်အတွက် စရန်ငွေပေးချေထားခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ရာအဆိုပါမြေကွက်နှင့်နေအိမ်တို့အပေါ် အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ငါးရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန့်ဇင်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)
အမှတ် ၂၆၇ (ငါးလွှာ)၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၇၀၅၁၆။

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကုက္ကိုခွ အထက(ခွဲ) နဝမတန်းမှ မခိုင်ဆုသွေးနှင့် ပဉ္စမတန်းမှ မောင်ကြယ်စင်ဟိန်းတို့၏ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင် ၈/တတက(နိုင်) ၀၉၇၈၅၉ ဖြစ်ပါသည်။

အမည်ပြောင်း

ဦးဇင်ကိုအောင်၏သမီး ခရမ်း အထက(၂) မြို့မကျောင်း ပထမတန်း (A)မှ မကြယ်စင်စုစံအား မသီရိထက်ထက်စံဟု ပြောင်းလဲခေါ်ပါရန်။

မသီရိထက်ထက်စံ။

ပျောက်ဆုံးကြောင်း

ကျွန်တော်အောင်ကိုကို CDC-61674 ၏ Engine Crdet Fit လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၇၃၁ ၇၉၄၂၇။

ပျောက်ဆုံးကြောင်းကြော်ငြာခြင်း

Golden Super Key Trading Co.,Ltd.၏ အောက်ပါသင်္ဘောတင် စာရွက်စာတမ်း မူရင်းများ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိကအကြောင်းကြားပါရန်။

(1) Ocean Bill of lading B/L NO. YGN- 11050304 SUB
(2) Certificate of Myanmar Origin Ref NO-61573
(3) Form D-Ref NO.Y-0419/ 2011-2012

Golden Super Key Trdg,Co.,Ltd.
ဖုန်း-၂၀၃၄၁၁။

အမည်ပြောင်း

ဦးမျိုးကြည်ထွန်း၏ သားဖြစ်သူ ထခွဲ လ-(၂)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အဋ္ဌမတန်း(A)မှ မောင်စိုးရန်နိုင်အောင်အား မောင်နန္ဒဟုလည်းကောင်း၊ သမီးဖြစ်သူ ပဉ္စမတန်း(E)မှ မခင်ဆန်းထက်အား မခင်ငြိမ်းချမ်းဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

သင့်သွေးဖြင့် အသက်ကယ်ပါ

ကမ်းရိုးတန်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၇

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် ဒေသအလိုက်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

ဇွန် ၈ ရက်ညနေအထိခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၇

Ability Software Services Co.,Ltd. မှ ဦးဆောင်စီစဉ်၍ Cyber SKY Computer Training Center တွင် ဘဏ်လုပ်ငန်းဆိုင်ရာ အထောက်အကူပြု လက်တွေ့သင်တန်း အမှတ်စဉ် (၉)ကို ဇွန်လအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းတွင် English For Banking, Accounting Basis, Bank Account , Computerized Banking စသည့် Course များကို သင်ကြားပေးမည်ဖြစ်ကြောင်း သိရှိရသည်။

စုံစမ်းမေးမြန်း

အဆိုပါ သင်တန်းတွင် အတွေ့အကြုံရှိ ဘဏ်မန်နေဂျာများ၊ ကုမ္ပဏီ Chief Accountant များ၊ Computerized Banking အတွေ့အကြုံရှိသူများ သင်ကြားပေးမည်ဖြစ်ရာ သင်တန်းနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အမှတ်(၈၉)အနော်ရထာလမ်း (ဆိပ်ကမ်းသာ လမ်းထောင့်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၈၈၀၈၊ ၀၉-၅၀၇၂၃၆၆၊ ၀၉-၅၁၆၅၇၇၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ကြီးကြပ်ဆောင်ရွက်

မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အရှေ့သိမ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို မေ ၂၃ ရက်က အမှုဆောင်အရာရှိ ဦးသက်ဦးရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပုလောမြို့တွင်း ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် မေ ၉ ရက်က အမှတ်(၂)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ရေနုတ်မြောင်းအား တူးဖော်နေမှုကို အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဇော်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၁ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၁ခုနှစ်၊ ဩဂုတ်လ (၅)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၂၁)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဝန်ကြီးဌာန

တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၁ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၁ခုနှစ်၊ ဩဂုတ်လ (၅)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၂၀)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဝန်ကြီးဌာန

တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၁ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၁ခုနှစ်၊ ဩဂုတ်လ (၅)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) ဇီဝဗေဒ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဝန်ကြီးဌာန

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

အမှာစကားပြောကြား

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း စပါးစိုက်ပျိုးဧကနှင့် စပါးအထွက်နှုန်းများ မြေပြင်စာရင်းအမှန်ကောက်ယူအတည်ပြုနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အထူးအထွက်တိုး မျိုးစေ့များကို သုတေသနပြု စိုက်ပျိုးထုတ်လုပ် စံပြစိုက်ပျိုးရေးပညာပေးစိုက်ကွင်းများ ထူထောင်စိုက်ပျိုးပြသ

သိပ္ပံနည်းကျ စိုက်စနစ်များကို သုတေသနပြုပြီး တိုးတက်အောင်ဆောင်ရွက်

နေပြည်တော် ဇွန် ၇

ကျေးလက်နေ ပြည်သူများနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် အခြေခံလူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေးရှုကာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည့် လုပ်ငန်းစဉ်များအပေါ် ယခုအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးသွားကြရန် ဖြစ်ကြောင်း။

နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို လက်ငင်းနှင့် ရေတိုရေရှည်အကောင်အထည်ဖော်ဆောင်ရွက်ကြရာ၌ အခြေခံရမည့် စိုက်ဧကများ မှန်ကန်ရေးနှင့် သီးနှံအလိုက် တစ်ဧကအထွက်နှုန်းများ မှန်ကန်ရေးတို့အတွက် စာရင်းဇယားများ ကောက်ယူမှတ်တမ်းတင်ရာတွင် စနစ်တကျ ပြည့်စုံရန်လိုအပ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်၏ ရှေ့ပြေးလုပ်ငန်းအဖြစ် နေပြည်တော်ကောင်စီနယ်မြေအတွင်း စပါးသီးနှံ၏ ကိန်းဂဏန်းဆိုင်ရာများကို ယခုမိုးရာသီတွင် စနစ်တကျ ကောက်ယူမှတ်တမ်းတင်နိုင်ရေးအတွက် လက်တွေ့လုပ်နည်းအပိုင်းကို အကောင်အထည်ဖော်နိုင်ရန် မြို့နယ်အဆင့် တာဝန်ရှိသူများအပါအဝင် ကျေးရွာအဆင့်အထိ တစ်ပြေးညီ တစ်ချိန်တည်း တစ်ပြိုင်တည်း ကိန်းဂဏန်းများ မှန်ကန်စွာကောက်ယူနိုင်ရန် ပါဝင်ဆောင်ရွက်စေလိုကြောင်းဖြင့် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံးစုဝေးခန်းမဆောင်၌ ကျင်းပသည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း စပါးစိုက်ပျိုးဧကနှင့် စပါးအထွက်နှုန်းများ မြေပြင်စာရင်း အမှန်ကောက်ယူအတည်ပြုနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ယနေ့ခေတ်၌ ဇီဝနည်းပညာ (Bio Technology) နှင့် Nano Technology နည်းပညာများအသုံးပြုပြီး ကမ္ဘာ့လူသားတို့၏

စာမျက်နှာ ၃ ကော်လံ ၁ ◆